# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၄၉) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ကတိသစ္စာ ပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၃ |
| ၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၉) ရက် မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၃ |
| ၅ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃ |
| ၆ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၇ | (က) လှိုင်လင်မြို့နယ်၊ ဆနင်းကျေးရွာ မူလွန်ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ပေးရန်၊ ခေးပွမ်ရွာ အ.မ.က ကျောင်း နှင့် အိမ်ခစ်ရွာ မူလွန်ကျောင်းတို့တွင် စာသင်ကျောင်းဆောင် အဆောက်အဦသစ် များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၈ | (ခ) မြန်အောင်မြို့နယ်၊ သပြေကုန်းအုပ်စုတွင်ရှိသော အ.မ.က ရှားတော (သပြေ)ကျောင်း၏ အန္တရာယ်ရှိသော ကျောင်းဆောင်အား ဖျက်သိမ်း၍ ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၉ | (ဂ) သရက်ခရိုင်၊ ဆင်ပေါင်ဝဲ မြို့နယ်အတွင်းရှိ အ.ထ.က(ခွဲ) လက်ပန်နှင့် အ.ထ.က(ခွဲ) ကိုးပင်တို့အား အခြေခံပညာအထက်တန်း ကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း | ၁၁ |
| ၁၀ | (ဃ) မြို့တော်ခန်းမ အဝိုင်းလမ်းဆုံ(ရပ်ကွက်-၂)၊ ရေကန်လမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံ (ရပ်ကွက်-၅)၊ သိန္ဓီလမ်း နှင့် ကွတ်ခိုင်လမ်းဆုံရာ သုံးမြှောင့်ရေပန်းလမ်းဆုံ(ရပ်ကွက်-၈)၊ သိန္ဓီလမ်းနှင့် ဟတ်ကာလမ်းဆုံ | ၁၅ |

| | | |
|---|---|---|
| | (ရပ်ကွက်-၁၂)၊ သိန္နီလမ်းနှင့် ဟူးမွန်ဆည်လမ်းဆုံ (ရပ်ကွက် ၈-၁၂ မန်ဆူဘုရားအနီး) နေရာများတွင် မီးပွိုင့်များ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၁ | (င) ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန်ကျေးရွာရှိ ရဲကင်းအား ရဲစခန်း အဖြစ် အဆင့်တိုးမြှင့်ပြီး လုံလောက်သော ရဲဝန်ထမ်းအင်အား ခန့်ထား ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၂ | (စ) မြန်မာနိုင်ငံအတွင်း အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့ မည်မျှရှိပါသနည်း၊ ယင်းအသင်းပိုင်ငွေကြေးနှင့် ပစ္စည်းစာရင်းများကို မည်သည့်အဖွဲ့က တာဝန်ယူ၍ မည်သို့မည်ပုံ စိစစ်ဆောင်ရွက်လျက် ရှိသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၃ | (ဆ) မြေသိမ်းပိုက်မှုခံရခြင်းနှင့်ပတ်သက်၍ လယ်ယာမြေနှင့် အခြား မြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ စစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း မူလသိမ်းပိုက်ထားသူများမှ သိမ်းပိုက်ခံရသည့် လယ်သမားများအား တရားရုံးများတွင် တရား စွဲဆိုနေခြင်းကိစ္စနှင့်ပတ်သက်၍ လိုအပ်သလို ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၁၄ | ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသည့် ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ် များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုး အစွန်းရောက် အဖွဲ့အစည်း များ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ် လုံခြုံရေးတို့ကို များစွာထိပါး နှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်း ပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများ ချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၆ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၉) ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၀) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၆ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## (၄၉)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၃-၈-၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်၊ ဆနင်းကျေးရွာ မူလွန်ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ပေးရန်၊ ခေးဟွမ်ရွာ အ.မ.က ကျောင်းနှင့် အိမ်ခစ်ရွာ မူလွန်ကျောင်းတို့တွင် စာသင်ကျောင်းဆောင် အဆောက်အဦသစ်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်၊ သပြေကုန်းအုပ်စုတွင်ရှိသော အ.မ.က ရှားတော(သပြေ)ကျောင်း၏**

**အန္တရာယ်ရှိသော ကျောင်းဆောင်အား ဖျက်သိမ်း၍ ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **သရက်ခရိုင်၊ ဆင်ပေါင်ဝဲ မြို့နယ်အတွင်းရှိ အ.ထ.က(ခွဲ) လက်ပန်နှင့် အ.ထ.က(ခွဲ) ကိုးပင် တို့အား အခြေခံပညာအထက်တန်းကျောင်းများအဖြစ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာစိုင်းမောက်ခမ်း၊ လားရှိုး မဲဆန္ဒနယ်၏ **မြို့တော်ခန်းမ အဝိုင်း လမ်းဆုံ(ရပ်ကွက်-၂)၊ ရေကန်လမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံ(ရပ်ကွက်-၅)၊ သိန္နီလမ်းနှင့် ကွတ်ခိုင်လမ်းဆုံရာ သုံးမြှောင့်ရေပန်းလမ်းဆုံ(ရပ်ကွက်-၈)၊ သိန္နီလမ်းနှင့် ဟတ်ကာလမ်းဆုံ (ရပ်ကွက်-၁၂)၊ သိန္နီလမ်းနှင့် ဟူးမွန်ဆည်လမ်းဆုံ (ရပ်ကွက် ၈-၁၂ မန်ဆူဘုရားအနီး) နေရာများတွင် မီးပွိုင့်များ တပ်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်၏ **ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန် ကျေးရွာရှိ ရဲကင်းအား ရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ပြီး လုံလောက်သော ရဲဝန်ထမ်းအင်အား ခန့်ထားပေးနိုင်ရေး** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့ မည်မျှရှိပါသနည်း၊ ယင်းအသင်းပိုင် ငွေကြေးနှင့် ပစ္စည်းစာရင်း များကို မည်သည့်အဖွဲ့က တာဝန်ယူ၍ မည်သို့မည်ပုံ စိစစ် ဆောင်ရွက်လျက် ရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်ဝင်း၊ မော်ဘီ မဲဆန္ဒနယ်၏ **မြေသိမ်းပိုက်မှုခံရခြင်းနှင့် ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်မှ စစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း မူလသိမ်းပိုက်ထားသူများမှ သိမ်းပိုက်ခံရသည့် လယ်သမားများအား တရားရုံးများတွင် တရားစွဲဆိုနေခြင်းကိစ္စနှင့် ပတ်သက်၍ လိုအပ်သလို ဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က တင်သွင်းသည့် **"ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂလီလူမျိုးအစွန်းရောက် အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ် လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်း ပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊
(ခ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊
(ဂ) ဦးလှထွန်းကျော်၊ မောင်တော မဲဆန္ဒနယ်၊
(ဃ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊
(င) ဒေါက်တာဦးအေးကြူ၊ လပွတ္တာမဲဆန္ဒနယ်၊
(စ) ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၊
(ဆ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၊
(ဇ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၊
(ဈ) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၊

(ည) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၊

(ဋ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ဌ) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

(ဍ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

(ဎ) ဒေါ်နီနီမြေင့်၊ တောင်ကုတ် မဲဆန္ဒနယ်၊

(ဏ) ဦးစစ်နိုင်၊ မင်းပြား မဲဆန္ဒနယ်၊

(တ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(ထ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ဒ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၊

(ဓ) ဦးနိုင်ထူးအောင်၊ နွားထိုးကြီး မဲဆန္ဒနယ်၊

(န) ဗိုလ်မှူးအောင်ကျော်နှင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ပ) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၊

(ဖ) ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဗ) ဦးရည်မွန်(ခ)မောင်တင်သစ်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်၊

(ဘ) ဗိုလ်မှူးကြီး ထွန်းမြတ်ရွှေ၊ တပ်မတော်သားကိုယ်စားလှယ်၊

(မ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

(ယ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

**(၄၉)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်**

**(၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၃ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်စွဲပါ ကြေညာချက်အမှတ် ၁၉/၂၀၁၇ အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး အစားထိုးပြောင်းလဲထားတာ ရှိပါတယ်။ ဒါ့ကြောင့် တပ်မတော်သားကိုယ်စားလှယ်အနေနဲ့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမယ့် ကိုယ်စားလှယ်က မိမိစားပွဲရှိ ကတိသစ္စာပြုလွှာကိုယူဆောင်ပြီး စင်မြင့်ရှေ့ရှိ သတ်မှတ်ထားတဲ့ နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေး ခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ကွက်လပ်နေရာမှာတော့ နာမည် ဖြည့်ပြီးဆိုပေးပါ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး၏ ကတိသစ္စာပြုချက်-

ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁ ဦးက ကတိသစ္စာပြုပါသည်။

"ကျွန်ုပ် ------------ သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကို လည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ကတိသစ္စာပြုပြီးတဲ့ ကိုယ်စားလှယ်ဟာ ကတိသစ္စာပြုလွှာပေါ်မှာ မိမိရဲ့အမည်၊ ရာထူးကိုရေးသား၍ လက်မှတ်ရေးထိုးပြီး အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံး သို့ ကတိသစ္စာပြုလွှာကို အပ်နှံရန်ဖြစ်ပါတယ်။

**မူကြမ်း**

ကတိသစ္စာပြုသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး၏ အမည်စာရင်းအား နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၈၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၃ ရက်၊

(၂) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊

(၃) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၄) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ခွင့် ၂ ရက်၊

(၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၆) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၃ ရက်၊

(၇) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၈) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်၊

(၉) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊

(၁၀) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၁၁) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၁ ရက်၊

(၁၂) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊

(၁၃) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင် ခွင့် ၁ ရက်၊

(၁၄) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၂ ရက်နှင့်

(၁၅) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ဦး ၄၇ ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့

အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**လွိုင်လင်မြို့နယ်၊ ဆနင်းကျေးရွာမူလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ပေးရန်၊ ခေးဟွမ်ရွာ အ.မ.က ကျောင်းနှင့် အိမ်ခစ်ရွာမူလွန်ကျောင်းတို့တွင် စာသင်ကျောင်းဆောင်အဆောက်အဦသစ်များ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ၂၀၁၇ ခုနှစ် မေလအတွင်း ကျွန်တော်၏မဲဆန္ဒနယ်မှ မဲဆန္ဒရှင်မိဘပြည်သူများနှင့်တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ များပြုလုပ်ခဲ့ပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများ တင်ပြသည့်အကြောင်း အရာများတွင်ပါဝင်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ဆနင်းကျေးရွာအုပ်စုသည် ပင်လုံမြို့၏အနောက်ဘက် ၁၆ မိုင်ခန့်ကွာဝေးပြီး ရှမ်းတိုင်းရင်းသား

လူမျိုးအများစုနေထိုင်ကြပြီး ကျေးရွာနေမိဘပြည်သူများ၏သားသမီးများ ပညာသင်ကြားရေးကို အထူးအလေးပေး၊ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြလာကြပါသည်။ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဆနင်းကျေးရွာအုပ်စု၊ နင်းမိုးရွာတွင် အခြေခံပညာမူလွန်ကျောင်းတွင် အလယ်တန်းပညာ သင်ကြားနေကြောင်း၊ ကျောင်းသားဦးရေများပြားပြီး ခုနစ်တန်းထိသာ ပညာသင်ကြားကြရပါတယ်။ ခုနစ်တန်းအောင်မြင်ပြီးသော ကျောင်းသားကျောင်းသူများမှာ ရှစ်တန်းသို့တက်ရောက်ပညာသင်ကြား နိုင်ရန်အတွက် ဆနင်းကျေးရွာမှပင်လုံမြို့သို့ သွားရောက်ပညာသင်ရန်အတွက် များစွာအခက်အခဲ ရှိပါတယ်။ ဆနင်းကျေးရွာအုပ်စု၊ နင်းမိုးရွာတွင်တည်ရှိသည့် အခြေခံပညာမူလွန်ကျောင်း(ဆနင်း)အား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပညာသင်ကြားခွင့်ပြုပေးပါရန် သက်ဆိုင်ရာ ပညာရေးဌာနသို့ တင်ပြခွင့်ပြုမိန့်ရရှိရေးကူညီဆောင်ရွက်ပေးရန် တင်ပြလာပါတယ်။

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ခေးဟွမ်ကျေးရွာအုပ်စု၊ အိမ်ခစ်ရွာ ရွာမိရွာဖများမှတင်ပြသည်မှာ အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလွန် ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါသဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပြီး ကျေးရွာရှိ ကျောင်းသားကျောင်းသူများမှာ အလယ်တန်းပညာကို ဆက်လက်သင်ယူသည့်အခွင့်အလမ်းရရှိခဲ့ကြ ပါသည်။ ပညာသင်ကြားနိုင်ရန် ကျောင်းအဆောက်အဦလုံလောက်မှုမရှိဘဲ အခက်အခဲနှင့်ကြုံတွေ့ရ ပါသဖြင့် အိမ်ခစ်ရွာအခြေခံပညာမူလွန်ကျောင်းတွင် အဆောက်အဦအသစ်တစ်လုံး ဆောက်လုပ် ပေးစေလိုကြောင်း တင်ပြလာပါသည်။ သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်ရှိ အခြေခံပညာကျောင်းဖြစ်သည့် ဆနင်းကျေးရွာမူလွန် ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်ရန်နှင့် အိမ်ခစ်ရွာမူလွန်ကျောင်း တွင် စာသင်ကျောင်းဆောင်အဆောက်အဦအသစ်များ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိသိလို ပါသည်။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင်တည်ဆောက်ပေးပါမည်နည်း။ အစီအစဉ် မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ

အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ရှိ အခြေခံပညာကျောင်း များဖြစ်သည့် ဆနင်းကျေးရွာမူလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့် တိုးမြှင့်ပေးရန်နှင့် ခေးဟွမ်ရွာ အ.မ.က ကျောင်းနှင့် အိမ်ခစ်ရွာ အ.မ.က မူလွန်ကျောင်းတို့တွင် စာသင်ကျောင်းဆောင် အဆောက်အဦသစ်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းအပေါ် ပြန်လည်ဖြေကြား ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့အတွက် တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ သတ်မှတ်ကျောင်းသားဦးရေနှင့် ပင်မကျောင်းနှင့်သတ်မှတ်ခရီးအကွာအဝေးထက် ပိုမိုကွာဝေးတဲ့ သင်ယူမှုအခွင့်အလမ်းရရှိစေဖို့ရည်ရွယ်ပြီး ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့တဲ့ အခြေခံပညာကျောင်း စုစုပေါင်း ၅၀၉၉ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလိုအဆင့်တိုးမြှင့်ပေးတဲ့ အခါမှာ လွိုင်လင်မြို့နယ်မှ ကျောင်းစုစုပေါင်းကိုးကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါတယ်။ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ပေးဖို့အတွက်သတ်မှတ်မှုမှာ အလယ်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၀ ဦးနှင့်အထက် ရှိခြင်း သို့မဟုတ် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများဖြစ်ပါက ပင်မကျောင်းနှင့် တစ်ဆင့်မြင့်ကျောင်း နှစ်မိုင်အထက်ကွာဝေးခြင်း၊ သွားရေးလာရေးလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါ က ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် ခရီးအကွာအဝေးသုံးမိုင်အထက်ဝေးခြင်းတို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ဆနင်းကျေးရွာအခြေခံပညာမူလတန်းလွန် ကျောင်းမှာ အလယ်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၆၆ ဦးရှိပါတယ်။ ပင်မကျောင်းဖြစ်တဲ့ အ.ထ.က ပင်လုံနှင့် ၁၈ မိုင်ကွာဝေးတဲ့အတွက် အထက်ပါခရီးအကွာအဝေးသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဆနင်းကျေးရွာသည် ဒီနေရာနားလေးမှာ၊ ဒီအုပ်စုနားလေးမှာ ရှိပါတယ်။ ဒီနားလေးမှာရှိပါတယ်။ ဒါသည် ၁၈ မိုင်ကွာဝေးပါတယ်ခင်ဗျား။ ဒီဘက်မှာတော့ ဒီဘက်နားလေးမှာပါခင်ဗျား။ ဒီအုပ်စုနားလေးမှာ ဒီဆနင်းကျေးရွာသည်ရှိပါတယ်။ ဒါကြောင့်မို့လို့ လာမယ့်ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်တဲ့အချိန်မှာ

ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ရန် ငွေကျပ် ၄၄၀.၄ သန်း ခွဲဝေပေးထားခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်း များကို ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ စီမံကြီးကြပ်မှုဖြင့်ဆောင်ရွက်နိုင်ရန် လုပ်ငန်းများအပ်နှံ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ လွိုင်လင်မြို့၊ ခေးဟွမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ ကျောင်းဆောင် ၆၀ ပေ x ၂၄ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ဆောင်၊ ၃၂ ပေ x ၁၈ ပေ ထရံကာ တစ်ထပ်တစ်ဆောင် စုစုပေါင်းနှစ်ဆောင်ရှိပြီး ကျောင်းသားကျောင်းသူဦးရေစုစုပေါင်း ၇၅ ဦးရှိပါ တယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အဲဒီကျောင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး ခွင့်ပြုရန်ပုံငွေအရ ၆၀ ပေ x ၃၀ ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်ကိုတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကို လုပ်ငန်းများအပ်နှံထား၍ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အိမ်ခစ်အခြေခံပညာမူလတန်းလွန်ကျောင်းအတွက်ကိုတော့ စိစစ်လိုက်တဲ့အခါ မှာတော့ ၆၆ ပေ x ၂၇ ပေ သွပ်မိုးပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်ဆောင်ကို ကျေးရွာကနေပြီးတော့မှ ကိုယ်တူကိုယ်ထဆောက်လုပ်ပေးထားတဲ့တစ်ဆောင်သာရှိပြီးတော့ စုစုပေါင်းကျောင်းသားကျောင်းသူ ဦးရေ ၇၃ ဦးရှိတာကို စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အိမ်ခစ်အခြေခံပညာမူလတန်း လွန်ကျောင်းအတွက်ကိုတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားချက်များ ဆောင်ရွက်တဲ့အချိန်မှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့စီမံကြီးကြပ်မှု လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတို့အရ ထွက်ရှိလာမယ့် မြို့နယ်ကျောင်းအလိုက် ဦးစားပေးအစီအစဉ်အရ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျစိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်အောင်မြို့နယ်၊ သပြေကုန်းအုပ်စုတွင်ရှိသော အ.မ.က ရှားတော(သပြေ)ကျောင်း၏ အန္တရာယ်ရှိ သောကျောင်းဆောင်အား ဖျက်သိမ်း၍ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဦးခင်မောင်လတ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မြန်အောင် မဲဆန္ဒနယ်မှ ဖြစ်ပါတယ်။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်၏

မြန်အောင်မြို့နယ် သပြေကုန်းအုပ်စုတွင်ရှိသော ရွှေတောကျေးရွာ အစိုးရမူလတန်း ရွှေတော (သပြေ)ကျောင်းမှာ ဇီးဖြူကွင်းကျေးရွာနှင့် ရွှေတောကျေးရွာရှိ မူလတန်းအဆင့် ကလေးငယ်များ စာသင်ကြားရာ ကျောင်း ဖြစ်ပါတယ်။ ဇီးဖြူကွင်းနှင့်ရွှေတောကျေးရွာတို့တွင် အိမ်ခြေ ၂၂၇ အိမ်ရှိပြီး လူဦးရေ ၈၀၀ ခန့် နေထိုင် လျက်ရှိပါတယ်။ မူလတန်းအဆင့်ကျောင်းနေအရွယ်ကလေးငယ် ၁၁၀ ဦးခန့်ရှိပါတယ်။ အ.မ.က ရွှေတော(သပြေ)ကျောင်းမှာ ကျောင်းသားဦးရေ သူငယ်တန်းမှ စတုတ္ထတန်းအထိ ၅၈ ယောက်ရှိပြီး ကျောင်းအဆောက်အဦမှာ သစ်သား တစ်ထပ်ကျောင်းဆောင်ဖြစ်ပါတယ်။ ၎င်းကျောင်းဆောင်မှာ လုံးဝစာသင်ကြားရန် သင့်တော်သော အဆောက်အဦမဟုတ်တော့ပါ။ ကျောင်းဆောင်သက်တမ်းမှာ နှစ် ၃၀ ခန့်ရှိပြီး အကာ၊ ကြမ်းခင်း၊ ဆင့်၊ ပေါင်းကွတ်နှင့် တိုင်များမကောင်းတော့ပါ။ အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ် ငါးကြိမ်တင်ပြထားသော်လည်း ယနေ့အထိအရေးယူဆောင်ရွက်ခြင်းမခံရသော ကျောင်းဆောင် ဖြစ်ပါတယ်။ ယခုစာသင်နှစ်အတွင်းတွင် စာသင်ကြားရန်အန္တရာယ်ရှိသော ကျောင်းဆောင် ဖြစ်ပါတယ်။ အစားထိုးစာသင်ကြားရန်အတွက် အခြားကျောင်းဆောင်လည်းမရှိတော့ပါ။ ကျောင်းနေ အရွယ်ကလေးတွေအချို့ ကျောင်းတွင်အပ်နှံထားခြင်းမရှိတော့ပါ။ မြန်အောင်မြို့နယ်အတွင်း အဆိုးရွား ဆုံးယိုယွင်းပျက်စီးနေသော ကျောင်းဆောင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကျောင်းဆောင်ရဲ့ ပျက်စီးနေတဲ့အနေ အထားတွေပါ။ ဒါကတော့ ကျောင်းဆောင်ရဲ့အဝင်၊ ကြမ်းခင်း၊ ကြမ်းပြင်ဖြစ်ပါတယ်။ ခြတောင်ပို့နှင့် ထောက်ကူထားရခြင်းဖြစ်ပါတယ်။ ဒါက ဒီကျောင်းကွင်းထဲမှာ တစ်ခုတည်းသော ကောင်းသော အဆောက်အဦတစ်ခုနှင့် တစ်လုံးတည်းသောသန့်စင်ခန်းတစ်ခု ဖြစ်ပါတယ်။ ဒီလို ကျောင်းဆောင်ပေါ် မှာထားရှိပြီး စာသင်ကြားစေခြင်းဟာ အစွန်းရောက်အန္တရာယ်ပေါ်မှာထားရှိပြီး ကလေးများ ဆက်ဆံ ခံရတာ၊ ကလေးသူငယ်များအပေါ် လျော်ကန်သင့်မြတ်ခြင်းမရှိတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ ဖွံ့ဖြိုး တိုးတက်မှုမျှော်လင့်ချက်ရဲ့ ယုံကြည်မှုသိက္ခာ၊ အမှတ်လက္ခဏာကို ထိခိုက်စေပါတယ်။ မြို့နယ်အတွင်း မူခွဲကျောင်းဆောင်တစ်ခုက ပေ ၉၀ x ပေ ၃၀ ကျောင်းဆောင် ဆောက်ခွင့်ရခဲ့ပြီး ဒီကျောင်းဆောင်ဟာ အမေ့ခံ၊ မပယ်ခံကျောင်းအဖြစ် ငါးကြိမ်တိုင်တိုင်ခံစားခဲ့ရပါတယ်။ ဒီလိုစီမံမှု အလွဲများကြောင့် ဟန်ချက်ညီဖွံ့ဖြိုးမှုမျှခြင်းကို ထိခိုက်စေပါတယ်။ ခွဲခြားဆက်ဆံခံရတယ်လို့ မှတ်ယူစေပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးလိုသောမေးခွန်းမှာ (၁) အ.မ.က ရွှေတော(သပြေ) အန္တရာယ်ရှိကျောင်းဆောင်အား အသစ်ဆောက်လုပ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကိုလည်းကောင်း၊

(၂) ယခုစာသင်နှစ်အတွင်း ထိုကျောင်းမှ ကျောင်းသားကလေးငယ်များ၏ အန္တရာယ်ရှိကျောင်းဆောင် ပြင်ပစာသင်ကြားမှုအစီအစဉ်ကိုလည်းကောင်း၊ ဝန်ကြီးဌာနအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနအား မေးမြန်းရခြင်းဖြစ်ပါ သည်။ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်ရဲ့ မြန်အောင်မြို့၊ သပြေကုန်းအုပ်စုတွင်ရှိသော အ.မ.က ရွာတော(သပြေ) အန္တရာယ်ရှိသော ကျောင်း ဆောင်အား ဖျက်သိမ်း၍ကျောင်းဆောင်အသစ် ဆောက်လုပ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုဖို့လို့အတွက် လေးစားစွာတင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့ ရွာတော (သပြေ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွား တဲ့အတိုင်းပဲ ၅၀ x ၂၃ ပေ သွပ်မိုး၊ ထရံကာ၊ ပြင်ခင်းတစ်ထပ်ဆောင်ရှိတာကို စိစစ်တွေ့ရှိရပါတယ်။ မှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ကျောင်းဆောင်ဟာ သက်တမ်း ကြာမြင့်ခြင်း၊ အကာထရံများဆွေးမြေ့ပေါက်ပြဲခြင်း၊ သစ်သားကြမ်းခင်းများဆွေးမြေ့နေခြင်းတို့ကြောင့် ယခု ပညာသင်နှစ်မှာအန္တရာယ်ကင်းစွာနှင့် သင်ကြားရေးအဆင်ပြေစေဖို့အတွက် သစ်သားအခင်း တွေကို ဖျက်ချပြီး မြေပေါ်မှာကွပ်ပျစ်များ၊ စာရေးခုံများ၊ ထိုင်ခုံများပြုလုပ်ပြီး သင်ကြားသင်ယူမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီလိုလိုအပ်ချက်တွေရှိနေတဲ့ကျောင်းမှာ ကျောင်း ဆောင်အသစ်ဆောက်လုပ်ပေးဖို့အတွက် တင်ပြပေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဒါကြောင့်မို့လို့လဲ ပညာရေးဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိတဲ့အတွက်ကြောင့် မို့လို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေကျပ် ၄၄.၁ သန်းဖြင့် ၆၀

x ၃၀ ပေ RC တစ်ထပ် ဆောက်လုပ်ခွင့်ရရှိထားတဲ့ မြန်အောင်မြို့နယ်၊ ကာစီကွင်းအခြေခံပညာ မူလတန်းအစား ယခုတင်ပြထားတဲ့ ရှားတော(သပြေ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအဖြစ် ကျောင်းအမည်ပြောင်းလဲဆောက်လုပ်နိုင်ဖို့အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ သဘော ထားမှတ်ချက်လည်း ရရှိထားပြီးဖြစ်တဲ့အတွက်ကြောင့် အခြေခံပညာဦးစီးဌာနအနေနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် တင်ပြအတည်ပြုချက်ရယူပြီး ဦးစားပေးအစီအစဉ်ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အ.ထ.က(ခွဲ)လက်ပန်နှင့် အ.ထ.က(ခွဲ)ကိုးပင်တို့အား အခြေခံပညာအထက်တန်း ကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပြီးတော့ ယနေ့ကျွန်တော်မေးမြန်း မယ့်ကြယ်ပွင့်ပြမေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှာရှိတဲ့ အ.ထ.က(ခွဲ)လက်ပန်နှင့် အ.ထ.က(ခွဲ)ကိုးပင်တို့အား အခြေခံပညာအထက်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းသွားမှာပဲ ဖြစ် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်းမှာဆိုလို့ရှိရင် အဆင့်တိုးကျောင်းပေါင်းများစွာ ကျောင်းအဆင့်တိုးခဲ့ပါတယ်။ သို့ပေမဲ့ ဒေသလိုအပ်ချက်အရ၊ သွားလာရေးခက်ခဲမှုအရ တကယ်လိုအပ်နေတဲ့ကျောင်းတွေဖြစ်တဲ့ ယခုတင်ပြမယ့်ကျောင်းတွေ ကျန်ခဲ့တာကြောင့်မို့ အခုလိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ လက်ပန်အ.ထ.က(ခွဲ)ကျောင်းကို တင်ပြရမယ်ဆိုလို့ရှိရင် လက်ပန်အ.ထ.က(ခွဲ)ကို ကျွန်တော်တို့ အ.ထ.က(ခွဲ)ဟာဆိုလို့ရှိရင် အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် ရပ်တည်လာခဲ့တာဆိုလို့ရှိရင် ၁၉ နှစ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။ ကျောင်းသားဦးရေအနေအထားအရ ကြည့်မယ်ဆိုလို့ရှိရင်

တော့ ကျောင်းသားဦးရေစုစုပေါင်း ၅၀၀ ကျော်၊ အထက်ဆင့်သင်ကျောင်းသားဦးရေ ၁၅၀ လောက်ပဲ ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အဆင့်တိုးသတ်မှတ်ချက်တွေနဲ့ဆိုလို့ရှိရင်တော့ ကိုက်ညီမှုမရှိပါဘူး။ သို့ပေမဲ့ လက်ပန်အ.ထ.က(ခွဲ)ဟာ ဆင်ပေါင်ဝဲမြို့နယ်နဲ့ဆိုရင် ဧရာဝတီမြစ်ခြား ထားပါတယ်။ ပင်မကျောင်းဖြစ်တဲ့ ဆင်ပေါင်ဝဲအ.ထ.ကနဲ့ဆိုလို့ရှိရင် သွားရေးလာရေး ရှစ်မိုင်လောက် ကွာဝေးပါတယ်။ ကျွန်တော်တို့ ဆင်ပေါင်ဝဲမြို့နယ်ရဲ့ မြစ်အနောက်ဘက်ခြမ်းမှာဆိုလို့ရှိရင် ကျေးရွာ အုပ်စု ကိုးအုပ်စုရှိပါတယ်။ ယခု ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှာဆိုလို့ရှိရင် အ.ထ.ကကျောင်း တစ်ကျောင်း အဆင့်တိုးမြှင့်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အခုလက်ပန်အ.ထ.က(ခွဲ)နဲ့ အဆင့်တိုး ပေးလိုက်တဲ့အ.ထ.က(ခွဲ)ဟာဆိုလို့ရှိရင် ဆင်ပေါင်ဝဲမြစ်အနောက်ဘက်ခြမ်းမှာဆိုလို့ရှိရင် တောင်နှင့် မြောက်လိုပဲ အင်မတန်မှကို ဝေးကွာလှပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ လက်ပန်အ.ထ.က(ခွဲ) ကို အ.ထ.ကအဆင့်တိုးမြှင့်ပေးလိုက်မယ်ဆိုလို့ရှိရင် အခုလက်ရှိရှိနေတဲ့ကျောင်းသားဦးရေ အနေအထားထက်လည်း ပိုပြီးတော့များလာမယ်။ နောက်တစ်ခုက မြစ်အနောက်ဘက်ခြမ်းမှာရှိနေတဲ့ ကျေးရွာအုပ်စုတွေရဲ့ပညာရေးဟာလည်း ပညာတတ်မြောက်မှုနှုန်းရော၊ ပညာသင်ကြားမှုတွေရော ကျွန်တော်တို့ လွယ်ကူအဆင်ပြေချောမွေ့လာတာကြောင့်မို့လို့ ဒေသရဲ့တကယ့်အခြေအနေ၊ တကယ့် လိုအပ်ချက်ဖြစ်တာကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အဆင့်တိုးသတ်မှတ်ချက်တွေကို ဖြေလျှော့ပြီးတော့ အ.ထ.ကအဆင့်တိုးမြှင့်ပေးဖို့အတွက် တင်ပြရခြင်းဖြစ်ပါတယ်။

နောက်တစ်ကျောင်းကတော့ ကျွန်တော်တို့ ကိုးပင်အ.ထ.က(ခွဲ)၊ အ.ထ.က(ခွဲ)ကိုးပင်ဖြစ်ပါ တယ်။ ဒီကျောင်းဟာဆိုလို့ရှိရင်တော့ ပင်မကျောင်းဖြစ်တဲ့ကျောက်ဆောင်လမ်းနဲ့ အကွာအဝေးတွေက ခုနစ်မိုင်ကွာဝေးပါတယ်။ ဒါပေမဲ့ ကျောင်းသားဦးရေဟာဆိုလို့ရှိရင်၊ ယခုနှစ်မှာဆိုလို့ရှိရင် ၇၅၀ ကျော်၊ အထက်ဆင့်သင်ကျောင်းသားဦးရေဟာဆိုလို့ရှိရင် ၂၅၈ ဦးပြည့်မီခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့အဆင့်တိုးမူဘောင်တွေနဲ့လည်း ကိုက်ညီခဲ့ပြီးဖြစ်ပါတယ်။ ယခုတင်ပြတဲ့ကျောင်းဆောင် နှစ်ကျောင်းစလုံးရဲ့အမှုတွဲတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနကို ကျွန်တော်တို့ ပို့ပေးထားပြီးဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတာကတော့ မကွေး တိုင်းဒေသကြီး၊ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှာရှိတဲ့ အ.ထ.က(ခွဲ)လက်ပန်နှင့် အ.ထ.က(ခွဲ)ကိုးပင်တို့အား အခြေခံပညာအထက်တန်းကျောင်းများအဖြစ် လာမယ့်ပညာသင်နှစ် ၂၀၁၈-၂၀၁၉ မှာ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှူကြမ်း**

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းရဲ့ အ.ထ.က(ခွဲ)လက်ပန်နှင့် အ.ထ.က(ခွဲ)ကိုးပင်တို့အား လာမယ့်ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းအပေါ် ပြန်လည်ဖြေကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုဖို့အတွက် လေးစားစွာတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ သတ်မှတ်ကျောင်းသားဦးရေပြည့်မီမှုအရ ကျောင်းအဆင့်တိုးပေးခဲ့တဲ့ကျောင်းနှင့် ပင်မကျောင်းနှင့် သတ်မှတ်ခရီးအကွာအဝေးထက် ပိုမိုဝေးကွာတဲ့အတွက် သင်ယူမှုအခွင့်အလမ်းရရှိစေဖို့ ရည်ရွယ်ပြီး အခြေခံပညာကျောင်းစုစုပေါင်း ၅၀၉၉ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီလို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့တဲ့အထဲမှာ ဆင်ပေါင်ဝဲမြို့နယ်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၅ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၁၇ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၈ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း ၃ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၅၈ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးဖို့အတွက် သတ်မှတ်မှုမှာ အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၀ ဦးနှင့်အထက်ရှိခြင်း သို့မဟုတ် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် ခရီးအကွာအဝေး ၁၀ မိုင်အထက်ကွာဝေးခြင်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ လက်ပန်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲမှာ အထက်တန်းကျောင်းသားကျောင်းသူ စုစုပေါင်း ၁၆၃ ဦးရှိပြီးတော့ ပင်မကျောင်းနှင့် ခရီးအကွာအဝေး ခုနစ်မိုင်ကျော် ကွာဝေးပြီးတော့ မြစ်ခြားနေတယ်ဆိုတာလည်းပဲ ကျွန်တော်တို့ ဒါမှန်ကန်ပါတယ်။ လက်ပံကျေးရွာသည် ဒီအုပ်စုနားလေးမှာ ရှိပါတယ်။ ဒါလေးပါခင်ဗျား။ အ.ထ.ကကျောင်းနှင့်

ခုနစ်မိုင်လောက်ပဲဝေးပါတယ်။ သို့သော်မြစ်ခြားနေပါတယ်။ သို့သော် မြစ်ခြားနေသော်လည်းပဲ လက်ပံကျေးရွာကျောင်းသည် အခြေခံပညာအထက်တန်းကျောင်းခွဲဖြစ်တဲ့အတွက်ကြောင့်မို့လို့ အထက်တန်းပညာကို ကျောင်းသားကျောင်းသူများအနေနဲ့ ဆက်လက်ပြီးတော့ သင်ယူခွင့်ရရှိနေသေးတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသားဦးရေဟာလည်းပဲ ၁၆၃ ဦးပဲရှိသေးတယ်။ ခရီးအကွာအဝေးကလည်း ခုနစ်မိုင်ပဲကွာဝေးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လက်ပံကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲကိုတော့ သတ်မှတ်ချက်နဲ့မကိုက်ညီသေးတဲ့အတွက်ကြောင့်မို့လို့ အထက်တန်းပညာကိုလည်း သင်ယူခွင့်ရရှိနေတာဖြစ်တဲ့အတွက် လာမယ့်ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ပေးဖို့အတွက် သတ်မှတ်ချက်နဲ့မကိုက်ညီသေးတဲ့အတွက် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် နောက်တစ်ကျောင်းဖြစ်တဲ့ ကိုးပင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲမှာတော့ အထက်တန်းကျောင်းသားကျောင်းသူစုစုပေါင်း ၂၅၈ ဦးရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အထက်တန်းကျောင်းသားဦးရေ ၂၀၀ ဦးနှင့်အထက်ရှိရမှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျောင်းသားဦးရေသတ်မှတ်ချက်နှင့် ကိုက်ညီပါတယ်။ သတ်မှတ်ချက်နှင့် ကိုက်ညီတဲ့အတွက်ကြောင့်မို့လို့ ကိုးပင်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲကတော့ အထက်တန်းကျောင်းသားဦးရေ ၂၅၈ ဦးရှိတဲ့အတွက် သတ်မှတ်မှုနဲ့ကိုက်ညီမှုရှိတဲ့အတွက် လာမယ့်ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်တဲ့အချိန်မှာ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ဖို့အတွက် ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းနှင့် လိုအပ်တဲ့အခါမှာတော့၊ ကျောင်းအဆင့်တိုးမြှင့်ပေးပြီးတဲ့အခါမှာတော့ လိုအပ်လာမယ့် ဆရာဆရာမတွေ၊ စာသင်ဆောင်တွေ၊ သင်ထောက်ကူပစ္စည်းတွေစတာတွေကိုတော့ ဘဏ္ဍာရေး၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မြို့တော်ခန်းမအဝိုင်းလမ်းဆုံ(ရပ်ကွက်-၂)၊ ရေကန်လမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံ(ရပ်ကွက်-၅)၊ သိန္နီလမ်းနှင့် ကွတ်ခိုင်လမ်းဆုံရာ သုံးမြောင့်ရေပန်းလမ်းဆုံ(ရပ်ကွက်-၈)၊ သိန္နီလမ်းနှင့် ဟတ်ကာလမ်းဆုံ(ရပ်ကွက်-၁၂)၊ သိန္နီလမ်းနှင့် ဟူးမွန်ဆည်လမ်းဆုံ(ရပ်ကွက် ၈-၁၂ မန်ဆူဘုရားအနီး)နေရာများတွင် မီးပွိုင့်များတပ်ဆင်ပေးရန် အစီအစဉ်ရှိမရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ အပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လားရှိုးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ လားရှိုးမြို့ရဲ့ လမ်းဆုံလမ်းခွတွေမှာ မီးပွိုင့်များတိုးချဲ့ တပ်ဆင်ပေးနိုင်ရေးနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယာဉ်သွားလာမှု ရှုပ်ထွေးပြီး လူဦးရေသုံးသိန်းခန့်ရှိတဲ့ လားရှိုးမြို့ဟာ လက်ရှိမီးပွိုင့်လေးခုနှင့် မလုံလောက်တဲ့အတွက် တိုးချဲ့တပ်ဆင်ပေးဖို့ တင်ပြရတာဖြစ်ပါတယ်။ တိုးချဲ့တပ်ဆင်ပေးစေလို့တဲ့ လမ်းဆုံများကတော့ ရပ်ကွက်(၂)၊ မြို့တော်ခန်းမ အဝိုင်းလမ်းဆုံ၊ ရပ်ကွက်(၅)ရေကန်လမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံ၊ ရပ်ကွက်(၈)သိန္နီလမ်းနှင့် ကွတ်ခိုင်လမ်းဆုံရာ သုံးမြောင့်ရေပန်းလမ်းဆုံ၊ ရပ်ကွက်(၁၂)သိန္နီလမ်းနှင့် ဟတ်ကာလမ်းဆုံ၊ ဒါကတော့ ကာမိန်းဘုန်းတော်ကြီးကျောင်းနားမှာရှိတဲ့ လမ်းဆုံဖြစ်ပါတယ်။ နောက်တစ်ခုက ရပ်ကွက်(၁၂)သိန္နီလမ်းနှင့် ဟူးမွန်ဆည်၊ မန်ဆူဘုရားလမ်းဆုံတို့ဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သိန္နီလမ်းကို နာမည်အမျိုးမျိုးပေးပြီး ခေါ်ကြပါတယ်။ သိန္နီမြို့ကိုသွားတဲ့ လမ်းဖြစ်တဲ့အတွက် သိန္နီလမ်းလို့ခေါ်ကြသလိုပဲ ပြည်ထောင်စုလမ်းမကြီး ဒါမှမဟုတ် မန္တလေး-လားရှိုး-မူဆယ်လမ်းလို့လည်း ခေါ်ကြပါတယ်။ ဒီကနေ့မေးခွန်းမေးမြန်းရခြင်းရဲ့ အကျိုးအကြောင်း ဖော်ပြချက်အနေနဲ့က လားရှိုးမြို့ဟာ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပို့ဆောင်ရေးကိစ္စရပ်များမှာ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူပဲ မြို့တွင်း၊ မြို့ပြင်ပြေးဆွဲနေကြတဲ့ ရပ်နီး/ရပ်ဝေးမော်တော်ယာဉ်များဟာလည်း တစ်ဟုန်ထိုးတိုးတက်များပြားလာပါတယ်။ ယခုလိုအကြောင်း ကိစ္စကြီးငယ် အမျိုးမျိုးမှာအသုံးပြုကြဖို့ မြို့ရော၊ ကျေးလက်နေပြည်သူများပါ မော်တော်ကား ပိုမိုဝယ်ယူသုံးစွဲလာနိုင်ကြတာကို ခေတ်ရဲ့တိုးတက်မှုလက္ခဏာတစ်ရပ်အနေနဲ့ ကြိုဆိုရမှာဖြစ်ပေမဲ့ မြို့တွင်းသွားမှုကို

တော့ သိသိသာသာပဲ ကြပ်တည်းခက်ခဲစေတဲ့အပြင် မတော်တဆယာဉ်တိုက်မှုလည်း ပိုများစေပါတယ်။ ယခုမီးပွိုင့်များ တိုးချဲ့တပ်ဆင်ပေးသင့်တဲ့လမ်းဆုံတွေဟာ အနယ်နယ်အရပ်ရပ်က မော်တော်ယာဉ်များ၊ မော်တော်ယာဉ်ပေါင်းစုံ ဖြတ်သန်းတဲ့နေရာဖြစ်နေခြင်း၊ ကျောင်းသူကျောင်းသားငယ်လေးများ နေ့စဉ်ဖြတ်သန်းသွားကြတဲ့ အ.ထ.က ကျောင်းကြီးအနားမှာရှိနေခြင်း၊ လူဝင်လူထွက်များတဲ့ ဘုန်းတော်ကြီးကျောင်းနားမှာ နီးနီးကပ်ကပ်ရှိနေခြင်း၊ ဈေးသူဈေးသားများဝင်ထွက်သွားကြတဲ့ စည်ပင်သာယာဈေးနဲ့ မလှမ်းမကမ်း မှာရှိနေခြင်းစတာတွေကြောင့် ယာဉ်လည်းယာဉ်စည်းကမ်း၊ လူလည်းလူစည်းကမ်း၊ လမ်းစည်းကမ်းနှင့် အညီသွားလာနိုင်အောင် မတော်တဆယာဉ်တိုက်မှုနှင့်လည်း ကင်းဝေးနိုင်အောင် မြို့အင်္ဂါရပ်နှင့်လည်းညီညွတ်အောင် မီးပွိုင့်များတိုးချဲ့တပ်ဆင်ပေးစေလိုတဲ့အတွက် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ လားရှိုးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စုအနေနဲ့ လားရှိုးခရိုင်အတွင်း သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့၊ လားရှိုးခရိုင်မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေး ကော်မတီများနဲ့ပူးပေါင်းပြီး ယာဉ်အန္တရာယ်လျှော့နည်းကျဆင်းရေးအတွက်ကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(လားရှိုး)ရဲ့ဖွဲ့စည်းပုံက အရာရှိရှစ်ဦး၊ အခြားအဆင့် ၂၈ ဦးရှိပြီး စုစုပေါင်း ၃၆ ဦးနဲ့ဖွဲ့စည်းပုံအပြည့်နဲ့ပဲ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ လားရှိုးမြို့ပေါ်မှာ ယာဉ်အန္တရာယ်ကျဆင်းရေးအတွက် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ လမ်းဆုံများမှာ မီးပွိုင့်တပ်ဆင်ထားရှိတဲ့အခါမှာ မီးပွိုင့်လေးခုတပ်ဆင်ထားရှိပြီးဖြစ်ပါတယ်။

ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ကတော့ မီးပွိုင့်များတပ်ဆင်ခြင်းအပါအဝင် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းတွေကို အပြည်ပြည်ဆိုင်ရာယာဉ်ထိန်းသိမ်းခြင်းစနစ် (5E System)ဖြစ်တဲ့ Education System, Engineering System, Enforcement System, Emergency Medical Services System နဲ့ Environment System တို့နဲ့ ကျွန်တော်တို့ချိန်ထိုးကိုက်ညှိစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ ပထမဦးစွာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာရှိတဲ့နေရာတွေမှာ မီးပွိုင့်များတပ်ဆင်ရန်လိုအပ်မှုအခြေအနေနဲ့ပတ်သက်ပြီးတော့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် နဲ့ ၂၁ ရက်တွေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့က ကိုယ်စားလှယ်များပါဝင်တဲ့ ပူးပေါင်းအဖွဲ့များနဲ့ မြေပြင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ပထမနေရာဖြစ်တဲ့ လားရှိုးမြို့ အမှတ်(၂)ရပ်ကွက် မြို့တော်ခန်းမနှင့် အဝိုင်းလမ်းဆုံတွေမှာ အဝိုင်းပတ်ရှိပြီးဖြစ်တဲ့အတွက်ကြောင့် မို့လို့ မီးပွိုင့်ထားရှိရန် မလိုအပ်ကြောင်းစိစစ်တွေ့ရှိရပြီးတော့ ယာဉ်သွားယာဉ်လာထူထပ်တဲ့အချိန်တွေမှာတော့ ယာဉ်ထိန်းတစ်ဦးချထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယနေရာဖြစ်တဲ့ လားရှိုးမြို့ အမှတ်(၅)ရပ်ကွက် ရေကန်လမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံမှာတော့ မီးပွိုင့်တပ်ဆင်မယ်ဆိုရင် အဆိုပါနေရာဟာ လမ်းအနေအထားကျဉ်းမြောင်းခြင်း၊ ယာဉ်ထိန်းရုံးခန်း၊ Control Box ဆောက်လုပ်ရန်နေရာမရှိခြင်း၊ လက်ရှိတပ်ဆင်ပြီးတဲ့ မန္တလေးလမ်းဆုံမီးပွိုင့်နဲ့ ပေ ၃၀၀ ခန့်သာ ဝေးကွာတဲ့အတွက်မီးပွိုင့်ထားရှိရန်မလိုအပ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့သော်လည်း ယာဉ်မောင်းနှင်သူများ သတိပြုပြီးအရှိန်လျှော့သွားစေဖို့အတွက် ရပ်/ကြည့်/သွား ဆိုင်းဘုတ်နှစ်ခု တပ်ဆင်ပေးရန်စီစဉ်ထားပြီးတော့ အဆိုပါရေကန်လမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံ ကျောင်းတက်ကျောင်းဆင်းချိန်များမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးကို တာဝန်ချထားပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

ဒါ့အပြင် တတိယနေရာဖြစ်တဲ့ လားရှိုးမြို့ အမှတ်(၈)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး သိမ်ဖြူလမ်းနဲ့ ကွပ်ခိုင်လမ်းဆုံရာ သုံးမြှောင့်ရေပန်းလမ်းဆုံမှာ မီးပွိုင့်တပ်ဆင်မည်ဆိုလျှင် အဆိုပါနေရာဟာ တောင်ပေါ်လမ်းအနေအထားအရ ကုန်းတက်ကုန်းဆင်းဖြစ်ပြီး လမ်းကြောအကွေ့အကောက်များတဲ့ အတွက်ကြောင့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မောင်းနှင်လာတဲ့ယာဉ်မောင်းများမှ မီးပွိုင့်ကို ကြိုတင်တွေ့မြင်နိုင်မှုမရှိဘဲ မီးပွိုင့်အနီးရောက်မှသာ ရုတ်တရက်မြင်တွေ့နိုင်မည့် မြေအနေအထား

ဖြစ်ပါတယ်။ ဒါ့ကြောင့် ဂုဏ်းလမ်းဆုံမှာမီးပွိုင့်ထားရှိရန်မသင့်ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ သို့သော်လည်း အဆိုပါနေရာမှာ ယာဉ်မောင်းနှင်သူများ သတိပြုပြီးအရှိန်လျှော့သွားစေဖို့အတွက် သတိပေးမှတ်တုတ်မီးဝါသုံးခုကို ယခင်ကတည်းကလည်း တပ်ဆင်ထားရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့တစ်ဦးကိုလည်း တာဝန်ချထားပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

စတုတ္ထနေရာဖြစ်တဲ့ လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး သိန္နီလမ်းနဲ့ ဟက်ကာလမ်းဆုံ။ လက်ရှိတပ်ဆင်ထားတဲ့ လမ်းဆုံ မီးပွိုင့်၊ ဟိုလောင်းလမ်းဆုံမီးပွိုင့်တို့နဲ့ နီးကပ်လျက်ရှိပြီးတော့ ဟက်ကာလမ်းတွေနှင့် ကောင်းစွာလမ်းတို့ဟာ ပြည်ထောင်စုလမ်းမကြီးကနေ ထောင့်မှန်အတိုင်းဖြတ်ချိုးသွားခြင်းမဟုတ်ပဲနဲ့ တစောင်းဖြတ်လျှင် ပေ ၂၀၀ ခန့်အကွာမှာ တည်ရှိနေတဲ့အတွက် မီးပွိုင့်တပ်ဆင်မယ်ဆိုရင် ယာဉ်မောင်းသူများမှ မီးပွိုင့်ကိုတွေ့မြင်ရန် အခက်အခဲများရှိတဲ့အတွက် မီးပွိုင့်တပ်ဆင်ရန် မသင့်ကြောင်းစိစစ်တွေ့ရှိရပါတယ်။ ယာဉ်မောင်းနှင်သူများသတိပြုပြီး အချိန်လျှော့သွားစေဖို့အတွက် သတိပေးမှတ်တုတ်မီးဝါနှစ်ခု တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ပဉ္စမနေရာဖြစ်တဲ့ လားရှိုးမြို့ အမှတ်(၈)ရပ်ကွက်နှင့် အမှတ်(၁၂)ရပ်ကွက်ဆုံရာ မန်ဆူဘုရားအနီးမှာရှိတဲ့ ပြည်ထောင်စုလမ်းမကြီးနှင့် ဟူးမွန်ဆည်လမ်းဆုံနေရာတွေမှာ မီးပွိုင့်တပ်ဆင်မယ်ဆိုရင် မန်ဆူလမ်းဘုန်းကြီးကျောင်းနှင့် ကပ်လျက်ဖောက်လုပ်ထားတဲ့ သိန္နီဘက်ကိုသွားတဲ့လမ်းတစ်လမ်းကို အလွတ်ယာဉ်ကြော Free လိုင်းပေးမှသာ မီးပွိုင့်တပ်ဆင်နိုင်မယ့်အနေအထားဖြစ်ပါတယ်။ သို့သော်လည်း Free လိုင်းသတ်မှတ်ပေးမယ်ဆိုရင် ပြည်ထောင်စုလမ်းမကြီးမှလာတဲ့ ယာဉ်များ ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်တဲ့အတွက် မီးပွိုင့်တပ်ဆင်နိုင်ခြင်း မြေအနေအထားမရှိကြောင်းလည်း စိစစ်တွေ့ရှိပါတယ်။ သို့သော်လည်း ယာဉ်မောင်းနှင်သွားလာသူများသတိပြုပြီး အရှိန်လျှော့သွားစေရေးအတွက် သတိပေးမှတ်တုတ်မီးဝါတစ်ခုနှင့် ရပ်/ကြည့်/သွား ဆိုင်းဘုတ်တစ်ခု တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါနေရာမှာ ကျောင်းတက်၊ ကျောင်းဆင်းချိန်များမှာ ယာဉ်ထိန်းရဲ့တပ်ဖွဲ့ဝင်တစ်ဦးကို တာဝန်ချထားပြီး ယာဉ်အန္တရာယ်ကင်းရှင်း စေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လားရှိုးမြို့နယ်အတွင်းမှာ ယာဉ်မတော်တဆ ဖြစ်မှုအနေအထားတွေကို လေ့လာကြည့်တဲ့အခါမှာ ၂၀၁၅ ခုနှစ်မှာ ၈၃ မှု၊ ၂၀၁၆ ခုနှစ်မှာ ၇၇ မှု၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လ ၁၅ ရက်နေ့ထိ ၆၂ မှုဖြစ်ပွားခဲ့ပါတယ်။ ယခုမီးပွိုင့်တပ်ဆင်ရန် စိစစ်ခဲ့တဲ့မြေနေရာတွေကို လေ့လာကြည့်တဲ့အခါမှာတော့ ယာဉ်မတော်တဆ

ဖြစ်ပွားမှုအနေနဲ့ ၂၀၁၅ ခုနှစ်မှာ ၂ မှု၊ ၂၀၁၆ မှာ ၃ မှုနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လ ၁၅ ရက်နေ့ထိ ၃ မှုပဲဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ပါတယ်။ ယာဉ်နည်းများဖြတ်သန်းကူးတဲ့ အနေအထားအရလည်းကောင်း၊ လမ်းရဲ့အနေအထားနဲ့ မြေအနေအထားအရလည်းကောင်း လက်ရှိတပ်ဆင်ထားပြီးဖြစ်တဲ့ မီးပွိုင့်များနှင့် နီးကပ်စွာတည်ရှိခြင်းကြောင့်လည်းကောင်း၊ အဆိုပါနေရာများမှာ မီးပွိုင့်တပ်ဆင်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ယာဉ်မောင်းနှင်သူများ သတိပြုပြီးအရှိန်လျှော့သွားစေဖို့ အတွက် သတိပေးမှိတ်တုတ်မီးဝါနဲ့ ရပ်/ကြည့်/သွားဆိုင်းဘုတ်များ တပ်ဆင်ပေးရန်စီစဉ် ဆောင်ရွက်လျက်ရှိကြောင်းနဲ့ ယာဉ်ထိန်းရဲ့တပ်ဖွဲ့ဝင်များပုံသေတာဝန်ချထားပြီး ယာဉ်သွားလာ ရှုတ်ထွေးတဲ့ ကျောင်းတက်ကျောင်းဆင်းချိန်များမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးပါရစေ။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ခုနက ဒုတိယဝန်ကြီးဖြေကြားပေးတဲ့ မြို့တော်ခန်းမနားမှာရှိတဲ့အဝိုင်း ဖြစ်ပါတယ်။ အဲဒီအဝိုင်းလမ်းဆုံကတော့ အခုဒီမှာဆိုလို့ရှိရင် ဒီဘက်နေပြီးတော့မှ ပြည်ထောင်စုလမ်းမကြီး မန္တလေးကနေပြီးတော့ ဖြတ်သွားတဲ့လမ်းဖြစ်ပါတယ်။ ဒါကတော့ လမ်းမတော်လမ်းပါ။ ဒါကတော့ ဘူတာလမ်းပါ။ ဒီအဝိုင်းက အဝိုင်းရှိတာမှန်ပါတယ်။ သို့သော် ကျွန်တော့်အနေနဲ့တင်ပြချင်တာက လားရှိုးမြို့ရဲ့ ယာဉ်မောင်းတွေရဲ့အနေအထားနဲ့ဆိုလို့ရှိရင် ဒီအဝိုင်းကလည်း သေးငယ်ပြီး ယာဉ်တွေကများလာတဲ့အတွက် အသွားအလာမှာတော်တော်လေးကို အန္တရာယ်ရှိတဲ့ အကြောင်း တွေ့ရပါတယ်။ အဲ့ဒါကို Close Up မြို့နယ်နဲ့ ကြည့်မယ်ဆိုလို့ရှိရင် နောက်တစ်ခါကို ဒါကတော့ အဝိုင်းပါ။ ဒီအဝိုင်းရဲ့ ဒီမှာမြင်တဲ့အတိုင်းပဲ အဝိုင်းပတ်နေတဲ့ယာဉ်က ဒီလမ်းကနေလာတဲ့ မော်တော်ယာဉ်တွေကို စောင်နေရတဲ့အခြေအနေ ဒီမှာတွေ့ရပါတယ်။ နောက်တစ်ခါ ဒီကနေသွားတဲ့ ယာဉ်ဆိုလို့ရှိရင်လည်း အဝိုင်းကိုဝင်နေတဲ့ယာဉ်က စောင့်နေရတာ ဖြစ်ပါတယ်။ ဒါက အခုနောက်ပိုင်း ဒီအဝိုင်းမှာ သုံးမြှောက်လေးတွေရှိလို့ ဒီလိုဖြစ်တာပါ။ အရင်တုန်းကဆိုလို့ရှိရင် ဟိုဘက်ကလာတဲ့ လမ်းက မော်တော်ယာဉ်တွေကို ထောင့်လျှောက်တစ်ခါတည်း မောင်းလာတာပဲဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီမတော်တဆယာဉ်တိုက်မှုတွေကနည်းလို့ ဒါကိုမလုပ်ဘူးဆိုတဲ့ ရည်ရွယ်ချက်က

စဉ်းစားဖို့လိုပါတယ်။ ယာဉ်တိုက်မှုဖြစ်ပြီးမှ ကျွန်တော်တို့လုပ်မှာလား။ မဖြစ်ခင်ကြိုတင်ပြီးတော့ လုပ်မှာလားဆိုတဲ့ဟာ စဉ်းစားဖို့လိုလိမ့်မယ်လို့ ထင်ပါတယ်။ အခုလိုအခြေအနေမျိုးမှာ ဘယ်လို လုပ်ပြီးတော့ ယာဉ်မတော်တဆ ဖြစ်မှုကနေ ကာကွယ်နိုင်အောင် ဘယ်လိုများစီစဉ်ထားရှိသလဲ ဆိုတာလည်း မေးမြန်းလိုပါတယ်။ နောက်တစ်ခုက ခုနကတင်ပြတဲ့ ဒီလမ်းဆုံလမ်းခွ ခုနတင်ပြတဲ့ နေရာတွေမှာ မော်တော်ယာဉ်တွေကိုထိန်းကျောင်းပေးဖို့ ယာဉ်ထိန်းကိုထားရှိတယ်ဆိုတာ တချို့ တော်တော်များများ အချိန်မှာမရှိတာတွေ့ရပါတယ်။ အဲ့လိုမရှိတဲ့အတွက် အပြင်သွားရင်တောင်မှ အင်မတန်မှအန္တရာယ်ရှိတဲ့အတွက် အခုကို တင်ပြတောင်းဆိုတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တစ်ဆက်တစ်စပ် တည်းမေးခွန်းကို ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ရှင်းလင်းဖြေကြားပါမယ်။ ဒီလားရှိုးမြို့ အဝိုင်းပတ် နှင့်ပတ်သက်ပြီးတော့ အဝိုင်းပတ်တွေ မီးပွိုင့်ထားရှိမှုမှာ တစ်ချို့လူကြီးတွေမှာလည်း စမ်းသပ်တပ် ဆင်ခဲ့ဖူးပါတယ်။ သို့သော်လည်း မူလယာဉ်သွားလာမှုထက် ပိုမိုကြပ်တည်းမှုတွေနဲ့ အခက်အခဲတွေ တွေ့ရှိရတဲ့အတွက် အဝိုင်းပတ်များမှာ မီးပွိုင့်တပ်ဆင်မှုတွေကို ပြန်လည်ရပ်ဆိုင်းခဲ့ရတဲ့ အချိန်တွေ လည်းရှိပါတယ်။ အခုလားရှိုးမြို့အခြေအနေမှာလည်း အဝိုင်းပတ်ရဲ့အနေအထားမှာ အင်ဂျင်နီယာ ရှုထောင့်အရ ကျွန်တော်တို့ စိစစ်လေ့လာခဲ့ပါတယ်။ မူလတင်ပြခဲ့သလိုပဲ E ငါးလုံးနဲ့ ချိန်ထိုးတဲ့အခါ မှာ အင်ဂျင်နီယာရှုထောင့်အရ ကျွန်တော်တို့ ချိန်ထိုးခဲ့ပါတယ်။ အဝိုင်းပတ်မှာ မီးပွိုင့်တပ်ဆင်ခြင်း သွားလာမှုကို ပိုမိုပြီးကန့်သတ်ချက်ဖြစ်စေတဲ့အတွက် မီးပွိုင့်တပ်ဆင်မှုကိုတော့ ကျွန်တော်တို့ ထည့်သွင်းဆောင်ရွက်ဖို့ရန် ခက်ခဲရှိနိုင်တယ်။ သို့သော်လည်းပဲ လက်ရှိအဝိုင်းပတ်ရဲ့ အနေအထား အရ လိုအပ်တဲ့မြေပြင်ပြင်ဆင်မှုလုပ်ငန်းတွေကို ပြုပြင်ရန်လိုအပ်နိုင်မှုရှိ/မရှိကိုတော့ သက်ဆိုင်ရာ အစိုးရကနေတစ်ဆင့် အင်ဂျင်နီယာရှုထောင့်အရ ပြန်လည်လေ့လာသုံးသပ်ဖို့အတွက် ပြန်လည် အကြောင်းကြားသွားမှာဖြစ်ကြောင်းလည်း ထည့်သွင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ယာဉ်တိုက်ခတ်မှုနှုန်းထားတွေကို တင်ပြတဲ့အခါမှာ ဒီတိုက်ခတ်မှုနည်းတဲ့အတွက် ဒီနေရာကို မီးပွိုင့် မလုပ်သင့်ဘူးလို့ ဆုံးဖြတ်ခြင်းမဟုတ်ပါဘူး။ ကျွန်တော်တို့မီးပွိုင့်တပ်ဆင်မှုမရှိနိုင်တဲ့နေရာတွေ အပေါ်မှာဖြစ်ခဲ့တဲ့ ယာဉ်တိုက်ခတ်မှုအကြိမ် အရေအတွက်တွေကို ကျွန်တော်တို့ ပြန်လည်လေ့လာ သုံးသပ်နိုင်အောင် စဉ်းစားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ယာဉ်တိုက်မှုတွေအပေါ်မှာလည်း

ကျွန်တော်တို့က လူရဲ့အပြစ်၊ ယာဉ်ရဲ့အပြစ်၊ လမ်းရဲ့အပြစ်၊ အင်ဂျင်နီယာရဲ့အပြစ်၊ ရာသီဥတုရဲ့အပြစ်၊ သဘာဝပတ်ဝန်းကျင်ရဲ့အပြစ် ဒီလိုစတဲ့ အခြေအနေပေါ်မှာ သုံးသပ်ပြီး ကျွန်တော်တို့က မြေအနေအထားအရမလိုအပ်သော်လည်းပဲ ယာဉ်တိုက်မှုအကြိမ်အရေအတွက်အရ ပြုပြင်ဖို့လိုတယ်ဆိုရင် ပြုပြင်ရမည့်အချက်တွေကို ပေါင်းစပ်ညှိနှိုင်းနိုင်အောင်အတွက် ဒီအချက်ကို ထည့်သွင်းတင်ပြခြင်းဖြစ်ပါတယ်။ ယာဉ်တိုက်မှုနည်းတဲ့အတွက်ကြောင့် မီးပွိုင့်မတပ်ဆင်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်ခြင်းမဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန်ကျေးရွာရှိ ရဲကင်းအား ရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ပြီး လုံလောက်သော ရဲဝန်ထမ်းအင်အား ခန့်ထားပေးနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီနေ့ ကျွန်တော့်ပုသိမ်ကြီးမြို့နယ်အတွင်းမှာရှိတဲ့ ကြာနီကန်ကျေးရွာရဲကင်းကို ရဲစခန်းအဆင့်တိုးမြှင့်ပြီး လုံလောက်သောပြည်သူ့ရဲဝန်ထမ်းအင်အား ခန့်ထားပေးနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ပုသိမ်ကြီးမြို့နယ်ရဲ့ ရပ်ကွက်ကျေးရွာအုပ်စုနဲ့ပတ်သက်လို့ အကြမ်းဖျင်း တင်ပြပါရစေ။ ကျွန်တော့်ပုသိမ်ကြီးမြို့နယ်ဟာ မန္တလေးခရိုင်အတွင်းမှာ တည်ရှိပြီး ကျေးရွာအုပ်စုပေါင်း ၅၈ အုပ်စု၊ ရပ်ကွက် ၁ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၄၀ ကျော်နဲ့ ဖွဲ့စည်းထားပါတယ်။ မြို့နယ်လူဦးရေဟာ ၂၁၂၉၉၃ ဦးရှိပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးအတွက် ပုသိမ်ကြီးမြို့မရဲစခန်း၊ အုန်းချောရွာရဲစခန်း၊ ကြာနီကန်ရွာရဲကင်းတို့ဖြင့် အရာရှိ ၂၀ ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၁၃၂ ဦးက မှုခင်းများဖော်ထုတ်ရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများ၊ ပြည်သူ့ဘဝလုံခြုံရေးတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် မြို့နယ်လူဦးရေ နှစ်သိန်းကျော်အတွက် ပြည်သူ့ရဲဝန်ထမ်းပေါင်း ၁၅၂ ဦးဖြင့် ပြည်သူ့ဘဝလုံခြုံရေးဆောင်ရွက်ပေးနေရခြင်းဟာ ပြည်သူ ၁၄၀၁ ဦးကို ရဲဝန်ထမ်းတစ်ဦးနဲ့ တာဝန်ယူစောင့်ရှောက်ပေးနေရလို့ အင်မတန်နည်းပါးတဲ့ ရဲဝန်ထမ်းနဲ့ပြည်သူ

အချိုးအစားဖြစ်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ယခုတင်ပြချက်ဟာ ပုသိမ်ကြီးတစ်မြို့နယ်လုံးစာအတွက် လက်ရှိအနေအထားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းပါ ကြာနီကန်ကျေးရွာရဲကင်းအနေဖြင့် ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၄၁ ရွာ၊ လူဦးရေ ၄၈၇၂၁ ဦးကို တာဝန်ယူစောင့်ရှောက်ပေးနေရတဲ့ ရဲကင်းဖြစ်ပါတယ်။ ကြာနီကန်ကျေးရွာရဲကင်းဟာ မန္တလေး-မတ္တရာ-မိုးကုတ်လမ်းမကြီးပေါ် ပုသိမ်ကြီးမြို့နယ်အတွင်း မိုင်တိုင် ၈ မိုင် ၂ ဖာလုံမှာ တည်ရှိပါတယ်။ ရဲကင်းအနေနဲ့ ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ကျေးရွာ ၄၁ ရွာ၊ လူဦးရေ ၄၈၀၀၀ ကျော်ကို နယ်မြေလုံခြုံရေးအတွက် ရဲအရာရှိတစ်ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၁၂ ဦးတို့ဖြင့် တာဝန်ယူဆောင်ရွက်ပေးနေရပါတယ်။ တရားဥပဒေစိုးမိုးရေး၊ မှုခင်းဖော်ထုတ်ရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ ၃၇၄၇ ဦးအတွက် ရဲဝန်ထမ်းတစ်ဦးက တာဝန်ယူဆောင်ရွက်ပေးနေရသလိုဖြစ်နေသည့်အပြင် မန္တလေး- မတ္တရာ- မိုးကုတ်လမ်းမကြီးပေါ်မှာ မကြာခဏဖြစ်ပွားနေတဲ့ မတော်တဆဖြစ်ရပ်တွေ၊ ယာဉ်မတော်တဆဖြစ်ရပ်တွေ၊ သစ်တောထွက်ပစ္စည်းများ တရားမဝင်သယ်ဆောင်နေမှုများ၊ မန္တလေးမြို့ဝင်ဂိတ်များအတွက် လုံခြုံမှုပေးနေရခြင်းများကို အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေရခြင်းကြောင့် ရဲဝန်ထမ်းအင်အား များစွာနည်းပါးလျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်တင်ပြလိုတာကတော့ အခုလက်ရှိကြာနီကန်ကျေးရွာရဲကင်းဟာ မန္တလေးမြို့နဲ့ ၈ မိုင်ကျော်ဝေးပါတယ်။ အဲဒီကြာနီကန်ကျေးရွာမှာ ကျွန်တော်တို့ မန္တလေး စည်ပင်သာယာရေးကော်မတီကပိုင်တဲ့ အေးရိပ်ငြိမ်သုသာန်ဆိုတာရှိပါတယ်။ ဒီအေးရိပ်ငြိမ်သုသာန်ကို ကျွန်တော်တို့မန္တလေးမြို့တွင်းက နာရေးယာဉ်တန်းတွေ၊ မန္တလေးစည်ပင်ကစွန့်ပစ်မယ့် အမှိုက်ကားတွေ၊ နောက် မိလ္လာကားတွေ၊ နောက် မန္တလေးကွန်ပျူတာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်စသဖြင့် ဒီလမ်းမကြီးဟာ ကျွန်တော်တို့ ဌာနဆိုင်ရာတွေ ခရီးသွားတွေ၊ ကျောင်းသူ ကျောင်းသားတွေအများဆုံးသုံးနေတဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်ပါတယ်။ အဲဒီတော့ ယာဉ်သွားလာကျပ်တည်းမှုနဲ့အတူ ယာဉ်မတော်တဆတွေဖြစ်ပြီဆိုရင် ကျွန်တော်တို့ရဲကင်းက သက်ဆိုင်ရာစေတနာရှင် လူမှုရေးအသင်းအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီးတော့ ဒီယာဉ်အန္တရာယ်ဖြစ်ပွားတဲ့ကိစ္စမှာ ကူညီစောင့်ရှောက်မှုတွေ၊ လမ်းပိုင်းလုံခြုံရေး၊ လမ်းရှင်းလင်းပေးရတဲ့ကိစ္စတို့ ပူးပေါင်းဆောင်ရွက်နေရပါတယ်။ သို့ဖြစ်ပါ၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မှုခင်းများဖော်ထုတ်နိုင်ရေး၊ မှုခင်းအသိပညာပေးလုပ်ငန်းများ ပိုမိုထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန်ကျေးရွာရှိ ရဲကင်းအား ရဲစခန်းအဆင့်အဖြစ်သို့တိုးမြှင့်ပြီး လုံလောက်သောပြည်သူ့ရဲဝန်ထမ်းအင်အား ခန့်ထား

**မူကြမ်း**

ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းအား မဲဆန္ဒရှင်ပြည်သူများ၏ဘဝလုံခြုံမှုအတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်း မေးမြန်းတဲ့ မေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည် ရှင်းလင်းဖြေကြားသွားပါ မယ်။ ကျွန်တော်တို့ပုသိမ်ကြီးမြို့နယ်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတစ်ရုံးနှင့် မြို့မရဲစခန်းတစ်ခု၊ အုန်းချော နယ်မြေရဲစခန်းတစ်ခု ဖွင့်လှစ်ပြီးဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ကြာနီကန်ကျေးရွာမှာ လုံခြုံရေးရဲကင်းစခန်း ဖွင့်လှစ်ရန်လိုအပ်ကြောင်းကို ယခင်ကတည်းက စိစစ်သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း ၁၉၆၈ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာ ကျွန်တော် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ရဲ့ အစီအစဉ်နဲ့ ပုသိမ်ကြီးမြို့မရဲစခန်းလက်အောက်ခံ ကြာနီကန်နယ်မြေလုံခြုံရေးရဲကင်းကို ကျွန်တော်တို့ ဖွဲ့စည်းပုံပြင်ပနဲ့ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်မှာတော့ ကြာနီကန်ကျေးရွာမှာရှိတဲ့ ကွင်းအမှတ် (၄၅၀)၊ ဦးပိုင်အမှတ်(၂၀/၂)မှာရှိတဲ့ မြေတစ်ဧကအပေါ်မှာ ရဲကင်းကိုပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီးတော့ အရာရှိဦးစီး ၁၂ ဦးနဲ့ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေး လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန်ကျေးရွာမှာ အရေးကြီးအဆောက်အဦများရှိခြင်း၊ လူနေထူထပ်ခြင်း၊ ရဲကင်းစခန်းဆောက်လုပ်ဖို့အတွက် မြေနေရာရရှိထားပြီးဖြစ်ခြင်း၊ မူလကလည်း ကျွန်တော်တို့ ဖွဲ့စည်းပုံပြင်ပထားရှိပြီးဖြစ်ခြင်းတို့ကြောင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက် ကြာနီကန်လုံခြုံရေးရဲကင်းကို ဖွဲ့စည်းပုံပြင်ပကို ဖွဲ့စည်းပုံခွင့်ပြု ရဲကင်းစခန်းအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ် နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရဲကင်း ရဲစခန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပြီးပါက လိုအပ်သောအင်အားများ ချထားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအတွင်း အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့မည်မျှရှိပါသနည်း၊ ယင်းအသင်းပိုင်ငွေကြေးနှင့် ပစ္စည်းစာရင်းများကို မည်သည့်အဖွဲ့က တာဝန်ယူ၍ မည်သို့မည်ပုံ စိစစ်ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်က ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့များနှင့်စပ်လျဉ်းပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီး ခင်ဗျား။ အသင်းအဖွဲ့များဖြစ်ကြတဲ့ CSO, NGO များကို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ကြည့်မယ်ဆိုပါက ၂၀ ရာစုကုန်ခါနီးကစပြီး ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းမှာ နှစ်စဉ်အသင်းအဖွဲ့အရေအတွက်တွေ တိုးပွားလာနေတာကို တွေ့မြင်နိုင်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း CSO, NGO များ ဘယ်လောက်ထိ တိုးပွားနေတယ်ဆိုတာကို မပြောနိုင်ပေမဲ့ ဒီဘက်ပိုင်းကာလတွေမှာလည်း များစွာတိုးပွားလာတယ်ဆိုတာ လူတိုင်းအသိပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အသင်းအဖွဲ့များဟာဆိုရင်လည်း ပြည်သူတွေရဲ့အခက်အခဲတွေကို ကူညီပေးနေတာတွေ၊ အသိပညာ ဗဟုသုတတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနေတာတွေ၊ ရေဘေး၊ လေဘေးလိုမျိုး သဘာဝဘေးအန္တရာယ်တွေ ကျရောက်လာတဲ့အခါမှာလည်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီဆောင်ရွက်ပေးတာတွေ စတဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများစွာကို ဆောင်ရွက်ပေးနေတာ အားလုံးအသိပဲဖြစ်ပါတယ်။ အသင်းအဖွဲ့များရဲ့ ကူညီဆောင်ရွက်ပေးမှုတွေကြောင့် နိုင်ငံသူနိုင်ငံသားများရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာစေရုံသာမက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအပြောင်းအလဲကိုပါ များစွာအထောက်အကူပြုစေခဲ့လို့ ၎င်းတို့ကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(ဂ)တွင်လည်း အသင်းအဖွဲ့များ၏ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူပြုစေရန်ဖြစ်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တန်ဖိုးရှိတဲ့စပါးခင်းတွေထဲမှာ ပေါင်းမြက်တွေရောနှော ပေါက်တတ်သလိုမျိုး တကယ့်ရည်ရွယ်ချက်ကောင်းတဲ့၊ စေတနာကောင်းတဲ့အသင်းအဖွဲ့တွေကြားမှာလည်း စေတနာမမှန်တဲ့၊ ရည်ရွယ်ချက်မကောင်းတဲ့ အသင်းအဖွဲ့များလည်း ရှိနေနိုင်ပါတယ်။ ဥပမာ

ပြောရရင် အသင်းအဖွဲ့ရဲ့နာမည်ကိုကြည့်လိုက်ရင်တော့ တိုင်းပြည်အတွက်၊ ပြည်သူတွေအတွက်၊ အများအကျိုးအတွက်ပဲ ဆောင်ရွက်မလိုလိုနဲ့ တိုင်းပြည်မတည်ငြိမ်အောင်၊ မအေးချမ်းအောင် လုပ်ဆောင်နေတဲ့ အသင်းအဖွဲ့များလည်း ရှိနေနိုင်ပါတယ်။ ဒီလိုမူမမှန်တဲ့ အသင်းအဖွဲ့တွေရဲ့လုပ်ရပ်ကြောင့် မှန်မှန်ကန်ကန်ဆောင်ရွက်နေတဲ့ အသင်းအဖွဲ့တွေကိုပါ ပြည်သူတွေကရောယောင်ပြီး အထင်အမြင်လွဲသွားနိုင်သလို ယုံကြည်မှုတွေလည်း လျော့ကျသွားစေနိုင်ပါတယ်။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ အခန်း(၈) ပုဒ်မ ၂၇ တွင် မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့များသည် နိုင်ငံတကာ အစိုးရတစ်ရပ်ရပ်ထံမှဖြစ်စေ၊ ပြည်တွင်းအသင်းအဖွဲ့ တစ်ရပ်ရပ်ထံမှဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှဖြစ်စေ အထောက်အပံ့များကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံရယူနိုင်သည်ဟု ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အသင်းအဖွဲ့များရေရှည်ရပ်တည်နိုင်ဖို့အတွက် အသင်းဝင်များက ငွေစိုက်ထုတ်ပြီး ဖွဲ့စည်းတည်ထောင်ထားခြင်းမျိုးရှိသလို ပြည်တွင်းပြည်ပက အထောက်အပံ့များရယူပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ အသင်းအဖွဲ့များလည်းရှိပါတယ်။ သို့ရာတွင် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၃ တွင်ဖော်ပြထားသကဲ့သို့ မူလမှတ်ပုံတင်စဉ်ကဖော်ပြခဲ့သော ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ ပြောင်းလဲလုပ်ကိုင်ခြင်း၊ ကျော်လွန်ဆောင်ရွက်ခြင်းများပြုလုပ်လိုပါက သက်ဆိုင်ရာမှတ်ပုံတင်အဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရမည်ဟု ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ အသင်းအဖွဲ့များအနေဖြင့် မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအတိုင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်မှုရှိ/မရှိကို သိရှိနိုင်ရန် အသင်းအဖွဲ့များပိုင်ငွေကြေးနှင့် ပစ္စည်းစာရင်းများကိုလည်း စိစစ်ဖို့ လိုအပ်မည်ဖြစ်ပါတယ်။ စပါးပင်များ ရှင်သန်ဖို့အတွက်ဆိုရင် ပေါင်းမြက်များကိုရှင်းလင်းဖို့လိုသလို အမှန်တကယ်ဆောင်ရွက်နေတဲ့အသင်းအဖွဲ့များ ပိုမိုအားကောင်းလာစေဖို့အတွက် ရည်ရွယ်ချက်မကောင်းတဲ့၊ ကိုယ်ကျိုးရှာတဲ့အသင်းအဖွဲ့တွေကိုလည်း စိစစ်ဖော်ထုတ်ဖို့ လိုအပ်ပါလိမ့်မယ်။ သို့ဖြစ်ပါ၍ နိုင်ငံသူနိုင်ငံသားများရဲ့အကျိုးကိုရှေးရှုပြီး မြန်မာနိုင်ငံအတွင်း အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ထားသောအသင်းအဖွဲ့ မည်မျှရှိပါသနည်း။ ယင်းအသင်းပိုင်ငွေကြေးနှင့် ပစ္စည်းစာရင်းများကို မည်သည့်အဖွဲ့ကတာဝန်ယူ၍ မည်သို့မည်ပုံ စိစစ်ဆောင်ရွက်လျက်ရှိသည်ကိုသိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ နေပြည်တော်ကောင်စီ၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။ ၂၀ဝ၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ဂ)မှာ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံးခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့် မဆန့်ကျင်လျှင် အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ထိုပြဋ္ဌာန်းချက်များအရ ပြည်တွင်းအသင်းအဖွဲ့နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တို့မှ လျှောက်ထားလာပါက ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဌာနအနေဖြင့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၁)ဖြင့် ပြဋ္ဌာန်းခဲ့တဲ့ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် (၇၀၅/၂၀၁၅)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့တဲ့ နည်းဥပဒေများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ် (၁၀၁၄/၂၀၁၆)တို့ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့တဲ့ နည်းဥပဒေများနှင့်အညီ စိစစ်မှတ်ပုံတင်ခွင့်ပြုပေးလျက်ရှိပါတယ်။ ယနေ့အချိန်အထိ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဌာနမှ စိစစ်၍ ခွင့်ပြုခဲ့သော ပြည်တွင်းအသင်းအဖွဲ့များမှာ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှာ ၉၀၆ သင်း၊ နေပြည်တော်ကောင်စီ တိုင်းဒေသကြီး/ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့မှာ ၃၄၅ သင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့မှာ ၆ သင်း၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့မှာ ၁၆၆ သင်း၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့မှာ ၁၄၂၉ သင်း စုစုပေါင်း ၂၈၅၂ သင်း မှတ်ပုံတင်ထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ ၁၇၁ သင်းကိုလည်း စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုထားပေးပြီး ဖြစ်ပါတယ်။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ အခန်း(၄) ပုဒ်မ ၇ မှာ ပြည်တွင်းအသင်းအဖွဲ့တွေဟာ ဆန္ဒအလျောက် မှတ်ပုံတင်လိုပါက အသင်းအဖွဲ့ရဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်ဟာ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ကြောင်း ဖော်ပြထားရှိပါတယ်။ အသင်းအဖွဲ့များပိုင် ငွေကြေးနှင့်ပစ္စည်းများနှင့် ပတ်သက်ပြီးတော့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ အခန်း(၆) အပိုဒ် ၂၁၊ ၂၂ တို့မှာ မှတ်ပုံတင်ထားတဲ့ ပြည်တွင်း

အသင်းအဖွဲ့ သို့မဟုတ် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တွေဟာ အသင်းအဖွဲ့ပိုင်ပစ္စည်းများ ထိန်းသိမ်းသုံးစွဲခြင်းနှင့် စပ်လျဉ်းပြီး အသင်းအဖွဲ့ပိုင် ရငွေ/သုံးငွေများကို ပြုစုထား၍ ငွေစာရင်းစာအုပ်များ၊ အသင်းအဖွဲ့ပိုင်ရန်ပုံငွေကြွေးမြီကတိဝန်ခံချက်လက်မှတ် Stock share များ၊ ချေးငွေစာချုပ်များ၊ အသင်းအဖွဲ့ပိုင်ငွေကြေးဖြင့်ဝယ်ယူထားသော သို့မဟုတ် အသင်းအဖွဲ့သို့လှူဒါန်းထားသော ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို စနစ်တကျ ပြုစုထားရမည်ဟု ဖော်ပြထားရှိပါတယ်။ မှတ်ပုံတင်ထားတဲ့အသင်းအဖွဲ့တွေဟာ ယင်းတို့၏လုပ်ငန်းဆောင်ရွက်ချက်၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေကြေးရှင်းတမ်းများကို နည်းဥပဒေ အပိုဒ် ၂၃ အရ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ နှစ်စဉ် ဒီဇင်ဘာလအတွင်းမှာ တင်ပြရမှာဖြစ်ပါတယ်။ မှတ်ပုံတင်လက်မှတ်ရရှိထားတဲ့ ပြည်တွင်းအသင်းအဖွဲ့များနဲ့ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများဟာ သတ်မှတ်ထားသော သက်တမ်းကုန်ဆုံးသည့်နောက် ဆက်လက်ရပ်တည်လှုပ်ရှားဆောင်ရွက်လိုပါက သက်တမ်းမကုန်မီ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမှတ်ပုံတင်ရုံးသို့ သတ်မှတ်ထားတဲ့ပုံစံများနှင့် လဲလှယ်လျှောက်ထားနိုင်ပါတယ်။ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေကြေးရှင်းတမ်းကို တစ်ဆက်တည်းငါးနှစ်ပျက်ကွက်ခြင်း သို့မဟုတ် ကြားကာလနှစ်များ၌ တင်ပြရန်ပျက်ကွက်ခြင်းများဖြစ်ခဲ့လျှင် မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားတဲ့အခါမှာ ပျက်ကွက်ခဲ့တဲ့နှစ်အတွက် ပျက်ကွက်ရသည့်အကြောင်းရင်းကို ဖော်ပြလျှောက်ထားရမှာဖြစ်ပြီး နည်းဥပဒေအပိုဒ် ၁၉ တွင် ဖော်ပြပါရှိပါတယ်။ ဒါ့အပြင် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတွေကို တစ်ဆက်တည်းငါးနှစ်တင်ပြရန်ပျက်ကွက်တဲ့ အသင်းအဖွဲ့များအနေနဲ့ မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့်၊ သက်တမ်းတိုးခွင့်လျှောက်ထားလာတဲ့အခါမှာ မှတ်ပုံတင်အသစ်လျှောက်သကဲ့သို့ လျှောက်ထားရမည်ဖြစ်ကြောင်းကို နည်းဥပဒေအပိုဒ် ၁၈ မှာ ဖော်ပြထားရှိပါတယ်။ သို့ဖြစ်ပါ၍ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ တစ်နိုင်ငံလုံးတွင် အသင်းအဖွဲ့ပေါင်း ၃၀၂၃ သင်း မှတ်ပုံတင်ထားရှိပါကြောင်းနှင့် အသင်းအဖွဲ့များပိုင်ငွေကြေးနှင့် ပစ္စည်းစာရင်းများနှင့်ပတ်သက်၍ တာဝန်ယူစစ်ဆေးရမည့်အဖွဲ့အစည်းကို ပြဋ္ဌာန်းဖော်ပြထားခြင်း မရှိပါကြောင်းနှင့် မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့များအနေဖြင့် မူလရည်ရွယ်ချက်လုပ်ငန်းစဉ်များမှ သွေဖည်၍ တရားမဝင်ငွေကြေးပိုင်ဆိုင်ပိုင်းဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းများရှိပါက နစ်နာသူများအနေဖြင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**မြေသိမ်းပိုက်မှုခံရခြင်းနှင့်ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ စစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း မူလသိမ်းပိုက်ထားသူများမှ သိမ်းပိုက်ခံရသည့်လယ်သမားများအား တရားရုံးများတွင် တရားစွဲဆိုနေခြင်းကိစ္စနှင့်ပတ်သက်၍ လိုအပ်သလိုဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဝင်း(မှော်ဘီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က မှော်ဘီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များကို လေးစားဂါရဝပြုပါတယ်။ ကျွန်တော့်အနေနဲ့ ယခုအခါမှာ နိုင်ငံအဝန်းဖြစ်ပေါ်နေသော မြေသိမ်းပိုက်ခံရမှုကိစ္စများနှင့်ပတ်သက်ပြီး မြေသိမ်းပိုက်ခံရမှု ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ စစ်ဆေးနေကြသည့်အချိန်မှာ တစ်ဖက်ကလည်း တရားရုံးများက အဲဒီကိစ္စရပ်များကို ဆောင်ရွက်နေတဲ့အတွက် ဒီကိစ္စကို ကျွန်တော်တို့ ရှင်းလင်းအောင် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ ကျွန်တော်တို့နိုင်ငံအဝန်းမှာ မြေများသိမ်းပိုက်ကြရာမှာ သိမ်းပိုက်ပုံအမျိုးမျိုးရှိနိုင်ပါတယ်။ သို့သော် ကျွန်တော်တို့ဒေသမှာ မြေများသိမ်းပိုက်ရာမှာ ၁၈၉၄ ခုနှစ်၊ မြေသိမ်းဥပဒေအရ သိမ်းပိုက်ခဲ့ခြင်း မဟုတ်ကြောင်းတွေ့ရှိရပါတယ်။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းဥပဒေအရ သိမ်းပိုက်ခဲ့ပါလျှင် အဲဒီမြေဥပဒေရဲ့အခြေခံအားဖြင့် မြေသိမ်းခံရသူများ မနစ်နာစေရန် ကောလိတ္တော်အရာရှိမှ အခြားမြေများအစားပေးရခြင်း၊ လျော်ကြေးများပေးရခြင်းများကို ဆောင်ရွက်ရပါတယ်။ အခုကျွန်တော်တို့ဆီမှာ အဲဒီလိုဆောင်ရွက်ထားခြင်းမရှိတဲ့အတွက် ယခုလို မြေသိမ်းပိုက်ခံရမှုများ ပေါ်ပေါက်ရခြင်းဖြစ်ပါတယ်။ တည်ဆဲဥပဒေအရ သိမ်းပိုက်ထားခြင်းမဟုတ်သော မြေများကို ယခုအခါမှာ သိမ်းပိုက်ထားတဲ့ အဖွဲ့အစည်းများက ပုဂ္ဂိုလ်များက လွှဲပြောင်းရရှိပြီး မြေများ လက်ခံရရှိတဲ့ပုဂ္ဂိုလ်များကနေပြီးတော့ အဲဒီမြေများမှာ ဆက်လက်နေထိုင်နေကြတဲ့ တောင်သူလယ်သမားများကို တရားစွဲဆိုမှုများ များပြားပေါ်ပေါက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီဟာများကို မြေသိမ်းအဖွဲ့အဆင့်ဆင့်၊ မြေသိမ်းများပြန်လည်စိစစ်ရေးအဖွဲ့အဆင့်ဆင့်ကနေပြီးတော့ စိစစ်ကြရာမှာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ဒီမြေများ သိမ်းပိုက်ခဲ့ကြရာတွင် မြေအားလုံးကို စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိဘဲနှင့် မြေပို၊ မြေလွတ်များ အများအပြားကျန်ရှိနေပါတယ်။ မြေသိမ်းခံရတဲ့ လယ်သမားများကလည်း အခြားနေစရာလည်းမရှိ၊ လုပ်စရာလည်းမရှိတဲ့အတွက် ၎င်းမြေများမှာပဲ

ဆက်လက်ပြီးတော့ နေထိုင်လုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြပါတယ်။ ကနဦးကာလများကတော့ သက်ဆိုင်ရာ မြေသိမ်းအဖွဲ့အစည်းများနှင့် မြေလက်ဝယ်ရှိသူများက သီးစားချထားပြီးတော့ အဲဒီမြေများကို လယ်သမားများကို လုပ်စေပါတယ်။ လယ်သမားများက မိမိတို့ပိုင်တဲ့လယ်များကို မိမိတို့ကိုယ်တိုင်ပဲ သီးစားခပေးပြီးတော့ ဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော်လည်း နောက်ပိုင်းမှာ သိမ်းပိုက်မြေများကို သီးစားချထားခြင်းမပြုရဆိုတဲ့အမိန့် ထွက်လာတဲ့အတွက် သီးစားချထားခြင်းများ မရှိတော့ပါဘူး။ သို့သော်လည်း တောင်သူလယ်သမားများဟာ လယ်ယာမြေအစွန်အဖျားများမှာ၊ လမ်းဘေးမှာ စသဖြင့်နေထိုင်ပြီးတော့ အဲဒီလယ်များမှာပဲ ကျဲခင်းများစိုက်ပျိုးပြီးတော့ စပါးနှင့်မြက်များကို ရောနှောရိတ်ပြီးတော့ ရသမျှစပါးလေးတွေကို စားသုံးကြရပါတယ်။

ဒါကြောင့်မို့လို့ ဒီလယ်သမားများရဲ့ကိစ္စရပ်များကို မြေသိမ်းပိုက်ခံရမှုပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က စစ်ဆေးနေတဲ့အချိန်မှာပဲ မြေပိုင်ဆိုင်သူများက၊ မြေလက်ဝယ်ရှိသူများက တရားရုံးအဆင့်ဆင့်မှာ တရားစွဲကြတဲ့အတွက် လယ်သမားများဟာ ထောင်ဒဏ်ကျခံခြင်း၊ ဒဏ်ငွေအသီးသီးပေးခံရခြင်းများလည်း ဖြစ်ပေါ်ခဲ့ရပါတယ်။ ကျွန်တော်တို့မြို့နယ်မှာဆိုလို့ရှိရင် ၁၉၉၆ ခုနှစ်၊ ၁၉၉၇ ခုနှစ်များမှာ MEC ကနေပြီးတော့ မြေဧက ၂၂၅၈.၈၈ ကို သိမ်းပိုက်ခဲ့ပါတယ်။ သိမ်းပိုက်ပြီးတော့မှ မြေဧက ၈၀၀.၉၆ ဧကကို မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းခဲ့ပါတယ်။ ၎င်းဦးစီးဌာနမှ ပုဂ္ဂလိကအဆင့်ဆင့်သို့ လွှဲပြောင်းပြီးတော့ ဆောင်ရွက်ခဲ့ကြရာမှာ လယ်သမားများနှင့်ဆက်လက်ပြီးတော့ ပဋိပက္ခများဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မြေများနှင့်ပတ်သက်ပြီးတော့ ဖြစ်ပေါ်နေတဲ့အခြေအနေကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးခွန်းများ မေးမြန်းလိုပါတယ်။ တည်ဆဲဥပဒေနှင့်အညီ သိမ်းဆည်းထားသောမြေများမဟုတ်ဘဲ သိမ်းဆည်းခံလယ်သမားများကို တည်ဆဲဥပဒေများနှင့်တရားစွဲဆိုနေခြင်းများဟာ လျော်ကန်မှုရှိ/မရှိ။ မြေယာများအပေါ်တွင် အမှုကိစ္စတစ်ခုတည်းအပေါ်တွင် မြေသိမ်းပိုက်ထားသောပုဂ္ဂိုလ်များဘက်က တရားရုံးများကလည်းကောင်း၊ သိမ်းပိုက်မြေများပြန်လည်စိစစ်ရေးအဖွဲ့ကလည်းကောင်း တစ်ပြိုင်တည်း စစ်ဆေးနေခြင်းဟာလည်း လျော်ကန်မှုရှိ/မရှိ။ နောက် မြေသိမ်းခံပုဂ္ဂိုလ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအာလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းရဲ့ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက တစ်နိုင်ငံလုံးမှာ ဆောင်ရွက်လျက်ရှိတဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က စစ်ဆေးမှုပြုလုပ်နေစဉ်အတွင်း မူလသိမ်းပိုက်ထားသူများက သိမ်းပိုက်ခံရတဲ့ လယ်သမားများအား တရားရုံးများမှာ တရားစွဲဆိုနေခြင်းနှင့်ပတ်သက်ပြီးတော့ ပထမမေးခွန်းအနေနဲ့ တည်ဆဲဥပဒေနှင့်အညီ သိမ်းဆည်းထားခြင်းမဟုတ်သော မြေသိမ်းမှုများ၌ သိမ်းဆည်းခံလယ်သမားများအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုနေခြင်းမှာ လျော်ကန်မှုရှိ/မရှိ မေးမြန်းထားပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်လို့ ယခင်အာဏာပိုင်အဖွဲ့အစည်းများရဲ့မြေသိမ်းဆည်းမှုများအား အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးအာဏာများအရ ဆောင်ရွက်တဲ့ကိစ္စရပ်များသာ ဖြစ်ပါတယ်။ သိမ်းဆည်းထားတဲ့မြေလွတ်များမှာ ဝင်ရောက်လုပ်ကိုင်ခြင်းအတွက် သိမ်းဆည်းခံလယ်သမားများကို တရားစွဲဆိုခြင်းမှာ လျော်ကန်မှုရှိ/မရှိ မေးမြန်းချက်ဟာ ကိစ္စတစ်ရပ်အတွက် ထင်မြင်ယူဆချက်တောင်းခံခြင်းဖြစ်တဲ့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(ဂ)အရ တရားလွှတ်တော်ချုပ်မှ ထင်မြင်ချက်ပေးနိုင်မည်မဟုတ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းနှင့်ပတ်သက်ပြီးတော့ မြေယာတစ်ရပ်အပေါ်မှာ ပေါ်ပေါက်နေတဲ့အမှုကိစ္စတစ်ခုကို အဖွဲ့အစည်းနှစ်ခုဖြစ်တဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်နှင့် တရားရေးဌာနတို့က တစ်ပြိုင်တည်းစစ်ဆေးဆောင်ရွက်နေခြင်းတို့ဟာ လျော်ကန်သင့်မြတ်မှုရှိ/မရှိ မေးမြန်းချက်နှင့်ပတ်သက်၍လည်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(ဂ)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ထင်မြင်ချက်ပေးနိုင်မည်မဟုတ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ တတိယမေးခွန်းနှင့်ပတ်သက်ပြီး နိုင်ငံတစ်ဝန်းမှာဆောင်ရွက်လျက်ရှိတဲ့ မြေသိမ်းပိုက်ခံရခြင်းနှင့်ပတ်သက်ပြီး လယ်ယာမြေနှင့် အခြားမြေ

သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က စစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်းမှာ ဗဟိုလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ အပြီးသတ်အမိန့်မချမှတ်မီ တရားရုံးများမှာ တရားစွဲဆိုခြင်းမပြုလုပ်ဖို့နဲ့ တရားစွဲဆိုထားတဲ့အမှုကိစ္စများကိုလည်း ဆိုင်းငံ့ပေးထားနိုင်ဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းထားပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်ပြီး တရားရုံးများမှာ ဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပိတ်ပင်ထားတဲ့ကိစ္စရပ်တွေမှအပ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်း ပြုလုပ်နိုင်ပါတယ်။ တရားရုံးများက စွဲဆိုလာတဲ့အမှုများကို တရားစွဲတင်လာရင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ ပုဒ်မခွဲ(၁) ပုဒ်မခွဲငယ်(က)၊(ခ)၊(ဂ)၊(ဃ)နှင့် ပုဒ်မ ၂၀၀ တို့အရ လက်ခံစစ်ဆေးရပါတယ်။ အလားတူပင် တရားစွဲဆိုထားတဲ့အမှုများကိုဆိုင်းငံ့ပေးနိုင်ခြင်းနှင့် ပတ်သက်လို့လည်း သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာ တရားရုံးများက ဆိုင်းငံ့မိန့် ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း ဗဟိုကော်မတီက အပြီးသတ် မဆုံးဖြတ်မီတို့မှ တရားရုံးများ၌ တရားစွဲဆိုခြင်းမပြုရန်နှင့် တရားစွဲဆိုထားတဲ့အမှုများကို ဆိုင်းငံ့ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက် အမိန့်ကြော်ငြာစာဖြင့် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ဦးဆောင်သော လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ဗဟိုကော်မတီအနေနဲ့ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုကော်မတီအနေနဲ့ သိမ်းဆည်းခံ မြေယာကိစ္စများကို ဖြေရှင်းဆောင်ရွက်ရာမှာ အမြန်ဆုံး၊ အထိရောက်ဆုံးဆောင်ရွက်နိုင်ဖို့အတွက် သိမ်းဆည်းမြေများနှင့် စပ်လျဉ်းပြီး မူဝါဒ ၅ ရပ်၊ တပ်မြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်း၍ မူဝါဒ ၃ ရပ်၊ စွန့်လွှတ်မြေများ

သက်ဆိုင်သူလက်ဝယ်သို့ အမြန်ရောက်ရှိစေရေးလုပ်ငန်းစဉ် ၈ ရပ်၊ သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက် ၆ ချက်၊ စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက် ၇ ချက်၊ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက် ၅ ချက်၊ ကော်မတီအဆင့်ဆင့်မှာ အလေးထားဆောင်ရွက်ရန်အချက် ၁၅ ချက် စုစုပေါင်း မူဝါဒ ၃၉ ချက်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် စဉ်းစားဆုံးဖြတ်ရန်ခက်ခဲသော ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး စွန့်လွှတ်မြေများ၊ သိမ်းဆည်းမြေများဆိုင်ရာလမ်းညွှန်ချက် ၈ ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ပထမမေးခွန်းဖြစ်တဲ့ တည်ဆဲဥပဒေနှင့်အညီ သိမ်းဆည်းထားခြင်းမဟုတ်သော မြေသိမ်းမှုများ၌ သိမ်းဆည်းခံလယ်သမားများအား တည်ဆဲဥပဒေများနှင့် တရားစွဲဆိုနေခြင်းမှာ လျော်ကန်မှုရှိ/မရှိနှင့်စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်နေသော သိမ်းဆည်းခံမြေများသည် သိမ်းဆည်းစဉ်ကာလ၊ အစိုးရ၏ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်အရ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိကာလအထိ ဌာနအဖွဲ့အစည်းပိုင်မြေအဖြစ် သတ်မှတ်ထားရှိခြင်းဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ လက်ဝယ်အသုံးပြုထိန်းသိမ်းရသည့်ဌာနအဖွဲ့အစည်းများအနေဖြင့် ကျူးကျော်ဝင်ရောက်လုပ်ကိုင်သူများအပေါ် တရားစွဲဆိုသည့်အခြေအနေများဖြစ်ပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ မြေယာတစ်ရပ်အပေါ်၌ပေါ်ပေါက်နေသောအမှုကိစ္စတစ်ခုကို အဖွဲ့အစည်းနှစ်ခုဖြစ်သည့် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်နှင့် တရားရေးဌာနတို့ တစ်ပြိုင်တည်း စစ်ဆေးဆောင်ရွက်နေခြင်းတို့သည် လျော်ကန်သင့်မြတ်မှုရှိ/မရှိနှင့်စပ်လျဉ်း၍ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ဟာ ပြည်သူများမှတင်ပြလာသည့် သိမ်းဆည်းခံမြေများနှင့် ပတ်သက်၍ မြေယာနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော်လည်း တရားစီရင်ရေးကဏ္ဍအရ ဖြေရှင်းရမည့်ကိစ္စရပ်များဖြစ်သော မြေယာအငြင်းပွားမှု၊ အမွေမှုများကို သက်ဆိုင်ရာတရားရုံးများတွင်သာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ စိစစ်ဆောင်ရွက်ခြင်းမပြုကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ နိုင်ငံတစ်ဝန်းမှာ ဆောင်ရွက်လျက်ရှိတဲ့ မြေသိမ်းပိုက်ခံခြင်းနှင့် ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်မှ စစ်ဆေးမှုများပြုလုပ်နေစဉ်အတွင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ အပြီးသတ်အမိန့်မချမှတ်မီ တရားရုံးများတွင် တရားစွဲဆိုခြင်းများ မပြုလုပ်ရန်နှင့် တရားစွဲဆိုထားဆဲ အမှုကိစ္စများကို ဆိုင်းငံ့ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ သိမ်းဆည်းမြေများကို တောင်သူများသို့ ပြန်လည်စွန့်လွှတ်ပေးအပ်ရန်ရှိ/မရှိ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ စိစစ်ဆောင်ရွက်ပေး လျက်ရှိပြီး လက်ရှိ လက်ဝယ်ရရှိထားသည့် ဌာနအဖွဲ့အစည်းအနေဖြင့် သတ်မှတ်ထားသည့် မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ စွန့်လွှတ်ခြင်း၊ မစွန့်လွှတ်နိုင်ခြင်းများကို လက်ရှိအခြေအနေများနှင့်တကွ ပြည့်စုံစွာစိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၎င်းစိစစ်တင်ပြချက်များအပေါ် မူဝါဒလုပ်ထုံးလုပ်နည်း ချိန်ထိုး၍ စွန့်လွှတ်ရန်၊ မစွန့်လွှတ်ရန် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့ စွန့်လွှတ်မြေများနှင့်ပတ်သက်၍ မြေယာလွှဲပြောင်းမှုများမပြီးပြတ်မီ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ မှ ၎င်းတို့၏လွတ်လပ်သောဆန္ဒအရ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်းအပေါ် သက်ဆိုင်ရာ တရားရုံးများမှ လက်ခံစစ်ဆေးဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ တရားစွဲဆိုထားသည့်အမှုကိစ္စများကို ဆိုင်းငံ့ထားပေးရန်မှာ တရားစွဲဆိုသူနှင့် တရားစွဲခံရသူ နှစ်ဦးနှစ်ဖက်၏သဘောဆန္ဒအရ ကျေအေး ရုပ်သိမ်းတင်ပြလာမှသာ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာတရားရုံးများမှ အမှု တစ်မှုချင်းအလိုက်သာ ဆုံးဖြတ်သည့်လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီလယ်ယာမြေ သိမ်းဆည်းလည်းခံရတယ်။ အမှုလည်း အစွဲခံရတယ်။ ပြီးတော့ တရားရုံးမှာ ဖြေရှင်းခိုင်းတယ်။ အဲဒီတော့ ဒီဟာတွေဟာ အခုနက မှော်ဘီမဲဆန္ဒနယ်က ဦးအောင်ဝင်း မေးတာ ဒီမဲဆန္ဒနယ်တင်မဟုတ်ပါဘူး။ ဒီ့အပြင် မဲဆန္ဒနယ်တွေလည်း တော်တော်များများရှိပါတယ်။ ရှိတဲ့အခါကျတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဘက်က ဖြေတယ်။ အဲဒီအဖြေကို ကျွန်တော် ပြောပါမယ်။ တရားဥပဒေဆိုတာ ဘာလဲ။ တရားဆိုတာ မှန်ကန်ခြင်း၊ မျှတခြင်း။ ဥပဒေဆိုတာ စည်းမျဉ်း၊ စည်းကမ်း။ တရားဥပဒေဆိုတာ မှန်ကန်မျှတတဲ့စည်းမျဉ်းစည်းကမ်း။ တရားဥပဒေက မှန်ကန်မျှတတဲ့ စည်းမျဉ်းစည်းကမ်းဖြစ်တဲ့အခါကျတော့ ဥပဒေမဲ့လည်း အသိမ်းခံရတယ်။ အခုနက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဖြေသွားတဲ့အထဲမှာရော၊ အခုနက မေးခွန်းရှင်ရဲ့မေးခွန်းမှာရော

အသိမ်းသာခံရတယ်။ လက်ရှိလည်း လက်ရှိလုပ်ကိုင်စားသောက်နေမြဲဖြစ်နေတယ်။ လက်ရောက် ပိုင်ဆိုင်မှု In Possession က ဘယ်သူဆီမှာရှိလဲ။ အဲဒီတော့ ဒီလိုအမှုမျိုးကို စွဲတာသည် စွဲတဲ့ပုဒ်မရဲ့ အင်္ဂါရပ်နှင့် ညီလား၊ မညီဘူးလား။ တရားရုံးက အလေးအနက်သတိထားရမယ်။ အင်္ဂါရပ်နှင့်ညီရင် တော့ဟုတ်တာပေါ့။ အခု အင်္ဂါရပ်နှင့်ညီတဲ့ကိစ္စမျိုးမဟုတ်လို့ရှိရင် တရားရုံးအနေနဲ့ ဒါကို စွဲဆိုခွင့် ပြုမယ်ဆိုရင် အသိမ်းလည်းခံရတယ်။ အသိမ်းခံရတဲ့သူက စားစရာမရှိဘူး။ သိမ်းတဲ့လူက ထားစရာ နေရာမရှိဘူး။ မလုံလောက်ဘူး။ အဲဒီနှစ်ခုယှဉ်ပြီး တရားရုံးမှာ ဖြေရှင်းရမယ်ဆိုရင် တရားဥပဒေ ဆိုတဲ့ ရည်ရွယ်ချက်မှန်ကန်မျှတတဲ့ စည်းမျဉ်းစည်းကမ်းက ဘယ်ပျောက်သွားမလဲ။ ပြီးရင် အဲဒီတရားရုံး ဘက်က ထားစရာမရှိတဲ့သူနဲ့ စားစရာမရှိတဲ့ လယ်သမားနဲ့ ဘယ်သူ့နောက်ပါသွားမလဲ။ ကျွန်တော်တို့ဟာ ကိုယ်ချင်းစာတရားထားဖို့လည်း ကောင်းတယ်။ သူများကိုငါဒီလိုလုပ်မယ်ဆိုရင် ငါ့ကိုအဲဒီလိုလုပ်ရင် ခံနိုင်လားဆိုတာ အရင်ဆုံးစဉ်းစားရမယ်။ အဲဒါကိုယ်ချင်းစာတရားပဲ။သူများကတော့ ငါလုပ်ချင်သလို လုပ်မယ်။ အဲဒါ သူများခံဆိုပြီး ငါ့ကိုအဲဒီလိုလုပ်ရင်တော့ နည်းနည်းလေးမှမခံနိုင်ဘူးဆိုတာ အဲဒါ ကိုယ်ချင်းစာတရား မဟုတ်ဘူး။ ဥပဒေနဲ့အညီပဲ ဆောင်ရွက်စေချင်တယ်။ ခုတော့ ဘယ်ဘက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကဖြေချလိုက်လဲ။ ဒါတွေရပ်ဆိုင်းပေးပါဆိုရင်တော့ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုဗဟိုစိစစ်ရေး၊ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက ညွှန်ကြားမှုလုပ်ပေး နိုင်မယ်ပြောတယ်။ ဒါပေမဲ့ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှု ဗဟိုစိစစ်ရေးကော်မတီကလည်း အခုဖြေတဲ့အခါကျတော့ တရားရုံးမှာရင်ဆိုင်ကြပါပြောတယ်။ ဒီဟာက အမွေအမှုမဟုတ်ဘူး။ ဒါက ရောင်းမှား၊ ဝယ်မှားမဟုတ်ဘူး။ ဒါက မေတ္တာနဲ့ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း မဟုတ်ဘူး။ ရောင်းမှာ၊ ဝယ်မှာဖြစ်လို့၊ ပေးကမ်းလို့၊ အမွေမှုဖြစ်လို့ တရားရုံးမှာရင်ဆိုင်ကြပါဆိုတာ မှန်တယ်။ ဥပဒေမဲ့ အသိမ်းခံရပြီး အသိမ်းလည်းခံရသေးတယ်။ သိမ်းတဲ့သူကလုပ်ငန်းရှင်။ ပိုက်ဆံရှိတဲ့ပုဂ္ဂိုလ်တွေ။ အဲဒီလူတွေနဲ့ ဖက်ပြီးတော့ တရားရုံးမှာရင်ဆိုင်ပါဆိုတော့ ကိုယ့်အဖြေဟာ ကိုယ်နည်းနည်းစဉ်းစားဖို့ ကောင်းတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်ပွင့်ပွင့်လင်းလင်းပဲပြောပါမယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဘက်ကရော၊ လယ်ယာမြေနဲ့အခြားမြေများသိမ်းဆည်းခံရမှု ဗဟိုစိစစ်ရေးကော်မတီကရော ဒါကိုတော့ သေသေချာချာ၊ ရေရေရာရာလေး ပြန်လည်သုံးသပ်ပါ။ နောက်တစ်ခု ကိုယ်စားလှယ်တွေ ကျွန်တော်အမြဲပြောတယ်။ မဲဆန္ဒရှင်မိဘပြည်သူတွေက မဲပေးထား တယ်။ မှန်မှန်ကန်ကန်ရပ်တည်ကြပါ။ ထဲထဲဝင်ဝင်လုပ်ပေးကြပါ။ တွေ့ရှိချက်တွေတင်ပေးပါ။ အဲဒီ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုဗဟိုကော်မတီကိုလည်းတင်ပေး။ ကိုယ့်မြို့နယ်မှာ၊ ကိုယ့်ခရိုင်မှာ၊ ကိုယ့်ပြည်နယ်တိုင်းမှာလည်း ကိုယ့်ကိုအဲဒီအသိမ်းခံရတဲ့လယ်ယာမြေတွေနဲ့ ပတ်သက်

လို့ မှန်မှန်ကန်ကန် သုံးသပ်ပေး။ ဘက်မလိုက်နဲ့။ အဂတိကင်းကင်းလေးလုပ်ပေး။ ဥပဒေနဲ့အညီပဲ ဆောင်ရွက်ပေး။ ဥပဒေနဲ့မညီဘူး။ ဘက်လိုက်ပြီးတော့ ဖိအားပေးပြီးတော့ ဆုံးဖြတ်ချက်ကို ဥပဒေလွဲနေတဲ့ဟာကိုလုပ်ခိုင်းတယ်ဆိုရင် လက်မှတ်ကိုမထိုးနဲ့။ ကျွန်တော်အမြဲပြောတယ်။ အခု လွှတ်တော်လည်း မကြာခင်နားတော့မယ်။ လွှတ်တော်မကြာခင်နားရင် ကိုယ့်မဲဆန္ဒနယ်မှာ ကိုယ့်အလုပ်ကို အဲဒါ ထိထိရောက်ရောက် လုပ်ပေးစမ်းပါ။ တင်လာပါ။ ဘယ်တရားရုံးက ဒီအမှုမှာ ဘယ်လိုလုပ်လဲ။ ဘယ်လိုဆုံးဖြတ်လဲ။ အဲဒီ ဘယ်မြို့နယ်ရဲ့အထွေထွေအုပ်ချုပ်ရေးမှူးတွေ၊ မြေစာရင်းတွေ၊ ဘယ်တိုင်းတွေက၊ အစိုးရတွေက ဘယ်လိုလုပ်သလဲ။ ဘယ်လိုဆုံးဖြတ်သလဲ။ အဲဒီတိုင်းက ဝန်ကြီးတွေက ဘယ်လိုဘက်လိုက်သလဲ။ တင်စမ်းပါ။ တင်လာခဲ့ပါ။ ကျွန်တော်တို့ကိုယ်စားလှယ်တွေ ကိုယ့်အလုပ်ကိုယ်လုပ်ပေးကြစမ်းပါ။ ကျွန်တော်တို့ မှန်မှန်ကန်ကန် မျှမျှတတပဲဖြစ်စေချင်တယ်။ ခုနဖြေသွားတာကြားရတာ တော်တော်စိတ် မချမ်းသာဘူး။ စဉ်းစားကြည့်ပါ။ အသိမ်းလည်းခံရတယ်။ စားစရာလည်းမရှိဘူး။ သိမ်းတဲ့သူနဲ့ တရားရုံးမှာရင်ဆိုင်ပြီးတော့ ဖြေရှင်းရမယ်ဆိုတော့ ကိုယ်က ရောင်းခဲ့လို၊ ပေးခဲ့လို့၊ စွန့်လွှတ်ခဲ့လို၊ အမွေမှုဖြစ်လို့ဆိုရင်တော့ ဟုတ်တာပေါ့။ အသိမ်းခံရတဲ့ဟာကို တစ်ခါတစ်ခါ ဖက်ပြိုင်ပြီးရင်ဆိုင်ရမယ်ဆိုတော့ တရားရုံးသွားဖို့စရိတ်တောင်ရှိမှာမဟုတ်ဘူး။ တည့်တည့်ပြောရရင် တရားရုံးမှာ ပေးဖို့ကြွေးဖို့ တောင်ရှိမှာမဟုတ်ဘူး။ အဲဒီတော့ တရားစီရင်ရေးဟာလည်း ကျွန်တော်ပြောတာရှင်းရှင်းလေး။ ဥပဒေအင်္ဂါရပ်နဲ့ဝင်ရင် In Possession ဖြစ်တယ်ဆိုရင် ကြည့်လေ။ Ingredient ရှိလာမယ်။ အဲဒီ Ingredient ဝင်လား/မဝင်လား။ မဝင်ရင်လက်မခံနဲ့ပေါ့။ ဝင်ရင်လက်ခံပေါ့။ ဒီလိုတော့မဟုတ်ဘဲနဲ့ တရားရုံးရောက်လို့ရှိရင်တော့ ဟိုဒင်းမဖြစ်ဘူးဆိုရင်တော့ ဒါကတော့ ကျွန်တော်ခုနပြောတဲ့ ကိုယ်ချင်းစာတရား ကင်းကွာလွန်းအား ကြီးတယ်။ ကျွန်တော်တို့နိုင်ငံမှာ မေတ္တာတရားခေါင်းပါးလွန်းအားကြီးတယ်။ ဒါ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ တိတိကျကျ မှန်မှန်ကန်ကန်လုပ်ပေးပါ။ အဲဒီတော့ ပွင့်ပွင့်လင်းလင်းပဲ ထပ်ပြော မယ်။ ဒီကိစ္စကိုလုပ်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသည့် ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုး အစွန်းရောက်အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါး နှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများ ချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ (၁၈-၈-၂၀၁၆ ရက်နေ့)တွင် တင်သွင်းတဲ့ ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုးအစွန်းရောက်အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်း ပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေး မည့်ကိုယ်စားလှယ် ၂၄ ဦးရှိပါတယ်။ ဆွေးနွေးမည့် ကိုယ်စားလှယ်အားလုံးအနေနဲ့ ကျွန်တော်ကြိုတင် ပြီးတော့ အသိပေးပါမယ်။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေကို လေးစားလိုက်နာပါ။ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာနှင့် ကိုယ်စားလှယ်ရဲ့ ကျင့်ဝတ်သိက္ခာနှင့်အညီ အပြုသဘောနဲ့ ဆွေးနွေးကြပါ။ ဆွေးနွေးခွင့်လည်း ပေးထားပါတယ်။ အပြုသဘောနဲ့ တိုင်းပြည်နှင့်ပြည်သူလူထုအတွက်ကိုသာ ဦးတည်ပြီးတော့ ကိုယ်စားလှယ်ရဲ့ ကျင့်ဝတ်သိက္ခာနှင့် အညီ လူကြီးလူကောင်းပီသစွာဆွေးနွေးကြပါ။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်အား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မင်းကင်း မဲဆန္ဒနယ်မှ ဦးမောင်မြင့်ဖြစ်ပြီး Power Point သုံးစွဲခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုမှာ ရခိုင်ဒေသကို ဘင်္ဂါလီတွေခေတ်အဆက်ဆက် ဘယ်လိုနည်းလမ်းတွေနဲ့ ဝင်ရောက်ခဲ့တယ်ဆိုတာ အသေးစိတ်ပြော

ပြီးသားဖြစ်လို့ ကျွန်တော်မပြောလိုတော့ပါဘူး။ ဒါပေမဲ့ ရခိုင်ဒေသမှာတော့ တိုင်းရင်းသား တစ်သန်းကျော်နဲ့ ဘင်္ဂါလီ တစ်သန်းကျော် ပျံ့နှံ့နေထိုက်လျက်ရှိပါတယ်။ ဒီအရှိတရားကို ကျွန်တော်တို့ ငြင်းပယ်လို့မရပါဘူး။ အထူးသဖြင့် ဘူသီးတောင်၊ မောင်တောနှင့် ရသေ့တောင်တို့မှာ ဘင်္ဂါလီလူဦးရေက Majority ဖြစ်နေပါပြီ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက စတုရန်မိုင် ၅၀၀၀၀ ကျော်ကျယ်ပါတယ်။ လူဦးရေ ၁၆၃ သန်းရှိပါတယ်။ မြန်မာနိုင်ငံက စတုရန်းမိုင် ၂၆၀၀၀၀ ကျော်ကျယ်ပြီးတော့မှ လူဦးရေ ၅၃ သန်းရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့လေးပုံတစ်ပုံပဲကျယ်တဲ့ နိုင်ငံကလူဦးရေသုံးဆရှိလို့ Spillover Over Effect တွေက သူတို့ဆီက ဘင်္ဂါလီတွေ ကျွန်တော်တို့နိုင်ငံကို စိတ်ဝင်ပျံ့နှံ့တာ သဘာဝတရားကြီးက မထူးဆန်းပါဘူး။ ဒါဆိုရင် အဲဒီနိုင်ငံကနေ အိန္ဒိယဘက်ကို ဘာကြောင့်မစိမ့်ဝင်တာလဲလို့ မေးစရာရှိပါတယ်။ ဒါကတော့ သူတို့နှစ်နိုင်ငံအကြားမှာ ခြံစည်းရိုးကိုအပြီးကာထားပြီးတော့မှ အိန္ဒိယဘက်က တပ်ရင်း ၃၀၀ ကျော်နဲ့ စောင့်ရှောက်ထားပါတယ်။ ခိုးဝင်လာရင် Shoot To Kill ပါပဲ။ တောင်ဘက်မှာ ဘင်္ဂလားပင်လယ်အော်ရှိပြီးတော့ ရာသီဥတုကောင်းတဲ့အချိန်တွေမှာ Boat People အနေနဲ့ ထိုင်း၊ မလေးရှားတို့ကို ရွက်လွှင့်တာလည်း အားလုံးအသိပါပဲ။ ဒါကြောင့်မို့လို့ ကျန်တဲ့ဘက်တွေကို စိမ့်ဝင်လို့မရဘူးဆိုတော့ အားနည်းတဲ့ဘက်ကို ရှာမှာပါပဲ။ ဒီနေရာမှာ လျော့လျဲ့တဲ့ ခြံစည်းရိုး၊ မပြီးသေးတဲ့ ခြံစည်းရိုး၊ မလုံခြုံတဲ့အစောင့်အရှောက်တွေရှိတဲ့ မြန်မာနိုင်ငံကို ခိုးဝင်တာ လုံးဝမထူးဆန်းပါဘူး။ ပြီးခဲ့တဲ့ အစိုးရနှစ်ဆက်မှာ နယ်စပ်ခြံစည်းရိုးကာရံဖို့ လုပ်ခဲ့ပါတယ်။ အပြီးမသတ်နိုင်သေးပါဘူး။ မိုင် ၄၀ လောက်ကျန်တယ်လို့သိရပါတယ်။ ဒါကို အမြန်ဆုံးအပြီးသတ်ကာရန်ဖို့ လိုပါတယ်။ အဲဒီခြံစည်းရိုးကို အရိုးနဲ့ထိုးရမယ်ဆိုတဲ့အထိတော့ တင်စားမပြောလိုပါဘူး။ သို့သော်လည်း ကျွန်တော်တင်ပြချင်တာက အစိုးရမှာဘတ်ဂျက်မရှိရင် ခွင့်သာပြုလိုက်ပါ။ နိုင်ငံချစ်တဲ့သူတွေက တစ်နှစ်အတွင်းပြီးအောင်ကာနိုင်တယ်ဆိုတာ ကျွန်တော်တင်ပြလိုပါတယ်။ ခြံစည်းရိုးဆိုတာ ကာရုံနဲ့မရပါဘူး။ ခြံစည်းရိုးတစ်လျှောက်မှာ လုံလုံခြုံခြုံနဲ့ လုံခြုံရေးရှိဖို့လိုပါတယ်။ ခြံစည်းရိုးတစ်လျှောက်မှာ Line Of Communication ကောင်းအောင် ညပိုင်းမှာမီးရအောင် ဆောင်ရွက်ဖို့လိုပါတယ်ဆိုတာ တင်ပြလိုပါတယ်။

ဒုတိယတစ်ချက်ကတော့ ရောက်ရှိပြီးတဲ့ ဘင်္ဂါလီတွေ စည်းလွတ်၊ ဝါးလွတ်နဲ့ လူဦးရေပေါက်ဖွားနေတဲ့ကိစ္စကို ထိန်းသိမ်းဖို့ဖြစ်ပါတယ်။ မျိုးစောင့်ဥပဒေကို ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ တင်ပြခဲ့ပြီး၊ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ အဲဒီဥပဒေတွေကို နည်းဥပဒေထုတ်ပြန်ဖို့နဲ့ လက်တွေ့ကျင့်သုံးဖို့လိုနေပါတယ်။ အထူးသဖြင့် လူဦးရေတိုးပွားမှု ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု

ဥပဒေတွေကို ရခိုင်ဒေသမှာ လက်တွေ့အကောင်အထည်ဖော်ဖို့ အပူတပြင်းလိုအပ်နေပါတယ်။ ဒီဥပဒေကိုမကျင့်သုံးဘဲနဲ့ ဒီအတိုင်းလွှတ်ထားရင်တော့ ကျွန်တော်တို့က ရခိုင်ပြည်နယ်ကို လူဦးရေ အဆမတန်ပေါက်ဖွားနေတဲ့ ဘင်္ဂါလီတွေလက်ထဲကို ထိုးရတော့မည့်ကိန်း ဖြစ်နေပါတယ်။

တတိယအချက်ကတော့ Rule of Law ပါ။ ရခိုင်ဒေသမှာ Rule of Law ဟာ Partially ပြီး ပျက်နေပြီလို့ ကျွန်တော်ပြောချင်ပါတယ်။ လက်နက်ပါတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင် ၃၀ လောက်ကို ရွာသား ၆၀၀ လောက်ကဝိုင်းတယ်ဆိုတာ Rule of Law ပျက်ခြင်းရဲ့ ပြရုပ်တစ်ခုဖြစ်ပါတယ်။ ဘင်္ဂါလီတွေရဲ့ စိတ်နေစိတ်ထားဟာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ထီမထင်တော့ဘူးဆိုတာကိုလည်း ပြသနေတာပဲ ဖြစ်ပါတယ်။ ဒီလိုဖြစ်ရတဲ့ Root Cause ကတော့ သူတို့ကို နောက်ကွယ်ကနေပြီးတော့မှ ပံ့ပိုးကြိုးကိုင်နေတဲ့ နိုင်ငံတကာကွန်ယက်တွေရှိနေလို့ ဖြစ်ပါတယ်။ ဘင်္ဂါလီတွေက မူဆလင်ဘာသာဝင်ဖြစ်တာ မပြစ်မဟုတ်ပါဘူး။ ဒါပေမဲ့ Host Country ရဲ့ တည်ဆဲဥပဒေကိုမလိုက်နာတာကတော့ အပြစ်ဖြစ်ပါတယ်။ ဒီကိစ္စတွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအတွက် ကိုင်တွယ်ရခက်ခဲတာကို ကိုယ်ချင်းစာပါတယ်။ ဘင်္ဂါလီတွေက ရန်ပြုတိုက်ခိုက်လို့ ပြစ်ခတ်မယ်။ သေဆုံးမယ်ဆိုရင် တစ်ကမ္ဘာလုံးကရှိတဲ့ သူတို့ဘာသာဝင်တွေက ဝိုင်းအော်ကြမှာပါ။ Genocicle လုပ်နေပြီး Ethnic Cleaning လုပ်နေစသည် အားဖြင့်ရေးကြမှာပါ။ ဒါကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သတိထားလုပ်ထားဖို့လိုပါတယ်။

စတုတ္ထအချက်ကတော့ ဘင်္ဂါလီရွာတွေကို အုပ်ချုပ်ရေးအဖွဲ့တွေက များသောအားဖြင့် သွားလို့ မရပါဘူး။ မြို့နယ်အုပ်ချုပ်ရေး၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဆက်စပ်လုပ်ကိုင်တဲ့ ဒေသခံဘင်္ဂါလီ အုပ်ချုပ်ရေးတာဝန်ရှိသူတွေကို သူတို့အချင်းချင်း ၃၀ လောက်ထိ သတ်ဖြတ်ပစ်ကြပါတယ်။ ဒါတွေကြောင့် ဘင်္ဂါလီရွာတွေက ဥပဒေမဲ့တဲ့နေရာတွေ ဖြစ်လာတယ်။ သူတို့အချင်းချင်းသတ်ဖြတ်လို့ ဘယ်နှစ်ခါရောဖော်ထုတ်လို့ ရဖူးပါသလဲ။ အသတ်ခံရတဲ့ မိသားစုဝင်တွေပင်လျှင် သတ်သူကိုသိလျက်နဲ့ သူတို့ရဲ့ရှေ့ရေးအတွက် ရေငုံနှုတ်ပိတ်နေကြရတော့ ဘယ်မှာလဲတရားဥပဒေစိုးမိုးရေး၊ ဘယ်မှာလဲ လူ့အခွင့်အရေး ကျွန်တော်မေးချင်ပါတယ်။ ဒါကြောင့် ဘင်္ဂါလီရွာတွေကို အုပ်ချုပ်ရေးအာဏာစက် သက်ရောက်အောင် ဆောင်ရွက်ဖို့အတွက် လိုပါတယ်။ သူတို့အချင်းချင်းဆောင်ရွက်လို့ရှိရင် သူတို့ရဲ့ထောင်ချောက်ထဲကို ဝင်ရမှာ၊ ဝင်သွားမှာစိုးရပါတယ်။ ဒါကြောင့် INGO တွေ၊ မီဒီယာတွေ၊ UN အဖွဲ့အစည်းတွေကို ဒီနေရာမှာသုံးနိုင်ပါတယ်။ ရွာတွေမှာ အလုပိတ်ခြံစည်းရိုးတွေကို ရှင်းလင်း၊ အိမ်ချင်းဆက်တံခါးတွေကိုပိတ်၊ အိမ်အလိုက်လူဦးရေစာရင်းနဲ့ တစ်ဦးချင်းခြောက်လတွင်းရိုက်တဲ့ ဓာတ်ပုံတွေကိုကပ်၊ လူဦးရေစိစစ်မှုတွေကို မပျက်လုပ်ဖို့လိုပါတယ်လို့ တင်ပြလိုပါတယ်။ တစ်ဆက်တည်းပဲ ၁၉၈၂

ခုနှစ်၊ နိုင်ငံသားဥပဒေကို ကျင့်သုံးဖို့လိုပါတယ်။ ယခုအချိန်အထိ ဥပဒေနဲ့ စိစစ်ပြီးတာ ၂၀၀၀၀ ကျော်ပဲရှိသေးတယ်လို့ သိရပါတယ်။ ဒီဥပဒေနဲ့စိစစ်တာကိုလက်မခံရင် ရွာမှာထားစရာမလိုဘဲနဲ့ သီးခြားစခန်းဖွင့်ပြီးတော့မှ လုံခြုံရေးအစောင့်အရှောက်နဲ့ ထားရမည့်ကိစ္စဖြစ်ပါတယ်။ နိုင်ငံတကာ Practice ကလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။

ပဥ္စမအချက်ကတော့ တိုင်းရင်းသားတွေကို စောင့်ရှောက်တယ်ဆိုတာ ပြဿနာဖြစ်မှ စောင့်ရှောက်တာမဟုတ်ဘဲနဲ့ Sustainable Support ဖြစ်ရပါမယ်။ ယခုအခါမှာ တိုင်းရင်းသားတွေ တောတက်လို့ အသတ်ခံရတယ်ဆိုတာ ဘင်္ဂါလီတွေမှာ ရည်ရွယ်ချက် သုံးခုရှိနေပါတယ်။ (၁)ကတော့ မေယုတောင်ကြောကိုလွတ်မြောက်နိုင်လို့လုပ်ချင်တယ်။ ပြီးတော့ တိုင်းရင်းသားတွေမလာရဲ့အောင် သတ်ပြတယ်။ အဲဒီလွတ်မြောက်နေချိန်မှာ သင်တန်းကျောင်းတွေ၊ စခန်းတွေတည်ဆောက်ချင်တာပါ။ လုပ်လည်း လုပ်နေပါတယ်။ (၂)ကတော့ တိုင်းရင်းသားတွေက မနေရဲတော့ဘဲနဲ့ စွန့်ခွာသွားရင် လယ်ယာတွေ၊ ဒေသတွေအားလုံးကို သိမ်းယူပြီးတော့မှ ဘင်္ဂါလီဧရိယာချဲ့ထွင်ချင်တာဖြစ်ပါတယ်။ (၃)ကတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက လက်တုံ့ပြန်ရင်ဒေသအလျောက် ဆောင်ရွက်လာအောင် Trap လုပ်ထားတာ ဖြစ်ပါတယ်။ ယခုအခါမှာ တပ်တွေ၊ လုံခြုံရေးဝင်ရောက်နေရာယူပြီးတော့မှ ထွက်ပြေးနေရတဲ့ တိုင်းရင်းသားတွေ မိမိတို့ရဲ့ မူရင်းနေရာတွေကို ပြန်လည်ပြီးတော့မှ နေထိုင်ပြီဆိုတာသိရလို့ ဝမ်းသာရပါတယ်။ ဒါပေမဲ့ သူတို့ကိုစဉ်ဆက်မပြတ် မစောင့်ရှောက်ဘူးဆိုရင်တော့ ကျားစေဉ်းလဲတို့ရဲ့ လက်ထဲမှာ တိုင်းရင်းသားတွေရဲ့ ဘဝကိုစတေးရဦးမှာပဲ ဖြစ်ပါတယ်။ ဘင်္ဂါလီတွေက ရခိုင်ဒေသကို အကွက်ကျလုပ်ကြံတဲ့အခါမှာ သူတို့နဲ့ဘာသာတူတွေရဲ့အားအပြင် သူတို့ရဲ့မကင်းရာ၊ မကင်းကြောင်း အဖွဲ့အစည်းတွေ၊ မီဒီယာတွေရဲအားနဲ့ ရေရှည်စီမံကိန်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကို ကာကွယ်ဖို့အတွက် ပြဿနာတစ်ခုပေါ်လာမှ ဆောင်ရွက်တာမျိုးမဟုတ်ဘဲနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ ပါဝင်တဲ့ ရခိုင်ဒေသပြည်နယ်အေးချမ်းရေးကို လေးစားဆောင်ရွက်သင့်ပြီဆိုတာကို တင်ပြလိုပါတယ်။ နိဂုံးချုပ်အားဖြင့် (၁) မပြီးပြတ်သေးတဲ့ နှစ်နိုင်ငံခြံစည်းကို အပြီးပြတ်ကာရံပြီးတော့မှ လုံခြုံစွာစောင့်ရှောက်ဖို့၊ (၂) အမျိုးစောင့်ဥပဒေများအနက် လူဦးရေတိုးပွားမှုထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကို ရခိုင်ဒေသမှာကျင့်သုံးဖို့၊(၃) Rule of Law အကောင်အထည်ဖော်ဖို့၊ (၄) ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနှင့်အညီ ဘင်္ဂါလီတွေကိုစိစစ်ဖို့၊ (၅) တပ်မတော်အနေနဲ့ လိမ္မာပါးနပ်စွာဥပဒေနှင့်အညီဆောင်ရွက်ဖို့၊ (၆) ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကိုပိုမိုကျယ်ပြန့်ဆောင်ရွက်ဖို့ စတဲ့အချက်တွေကို နိုင်ငံတော်အစိုးရအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သင့်

ပါကြောင်း တိုက်တွန်းရင်းနဲ့ ဒေါ်ခင်စောဝေရဲ့အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်က ဦးမျိုးဇော်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရသေ့တောင်မဲဆန္ဒနယ်က ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံအနှံ့အပြားမှာနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေ၊ လူမှုစီးပွား ဘဝလုံခြုံရေးတွေအပေါ် ထိပါးစော်ကားလာတဲ့ ဘယ်အစွန်းရောက်အဖွဲ့အစည်းကိုမဆို ထိရောက်စွာအရေးယူဖို့ လိုအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ တွင် ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်ဟု ပြဋ္ဌာန်းထားတဲ့အတိုင်း ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာလည်း ရခိုင်ပြည်နယ်တည်ငြိမ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို နိုင်ငံတစ်ဝန်းလုံး အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ပေးနေတာ အားလုံးအသိပဲဖြစ်ပါတယ်။ အစိုးရသစ်မှ နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူပြီး နှစ်လအတွင်းမှာပဲ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂၃/၂၀၁၆)၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့စွဲဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးများအပါအဝင်အဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒ့ါအပြင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၁၆) ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့စွဲဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီက ချမှတ်တဲ့လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးကော်မတီ၊ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့

အစည်းများနှင့် ပူပေါင်းဆောင်ရွက်ရေးကော်မတီစတဲ့ လုပ်ငန်းကော်မတီလေးရပ်ကိုလည်း ဖွဲ့စည်းပေးခဲ့ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီလေးရပ်တို့ဟာ အကြိမ်ကြိမ်အစည်းအဝေးပြုလုပ်ပြီး အကောင်အထည်ဖော်ပေးလျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ဗဟိုကော်မတီက အစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးမှာ ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးနှင့် ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုများကို ထိန်းချုပ်နိုင်ရန်၊ လတ်တလော လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား ဖြည့်တင်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ရေရှည်အတွက် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ အစီအမံလျာထားချက်များအပါအဝင် လုပ်ငန်းကော်မတီလေးရပ်၏လုပ်ငန်းများနှင့်ပတ်သက်ပြီးလည်း ဆွေးနွေးခဲ့ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာသတင်းထုတ်ပြန်ချက်ကိုလည်း နိုင်ငံတော်၏အတိုင်ပင်ခံရုံးဝန်ကြီးဌာနက အချက်ခြောက်ချက်ဖြင့် ထုတ်ပြန်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားများ တည်ဆောက်ရေးနှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေးကိုလည်း ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် စစ်တွေခရိုင်နှင့် မောင်တောခရိုင်အတွင်းရှိ ဆက်စပ်သော လမ်းများ၊ တံတားများနှင့် မေယုတောင်တန်း အရှေ့ဘက်အနောက်ဘက်တို့ ဆက်သွယ်သည့်တောင်ကြောလမ်းများ၊ လမ်းကွန်ယက်များကိုလည်း နိုင်ငံတော်အစိုးရမှ ဦးစားပေး လုပ်ကိုင်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် မောင်းတောခရိုင်အတွင်းရှိ အစွန်းရောက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်ဆောင်ရွက်လာခြင်းများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် နှိမ်နင်းသွားမည်ဖြစ်ပါကြောင်း အပြစ်မဲ့အရပ်သားပြည်သူများနှင့် တိုင်းရင်းသားများကို အကာအကွယ်ပေးနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သလို အစွန်းရောက်အကြမ်းဖက်များ၊ အစွန်းရောက်များအား အားပေးကူညီသူများအားလုံးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးလည်းဖြစ်ပါတယ်။ အကြမ်းဖက်မှုဖြစ်စဉ်များ ရပ်တန့်ချုပ်ငြိမ်းရေးနှင့် လုံခြုံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့များနှင့်

အတူပူးပေါင်း၍ နယ်မြေရှင်းလင်းရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံရုံး ဝန်ကြီးဌာနက အတိအလင်းထုတ်ပြန်ထားပြီးလည်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မေယုတောင်တန်းပေါ်မှာ အစွန်းရောက်အကြမ်းဖက်သမားများ အခြေပြုခိုအောင်းမှုမပြုနိုင်ရေးအတွက် နယ်မြေရှင်းလင်းရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး မေယုတောင်တန်းပေါ်တွင် တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့အခိုင်အမာစခန်းများ တည်ဆောက်၍ လုံခြုံရေးကိုအချိန်ပြည့်ဆောင်ရွက်နိုင်ရန် အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီအပါအဝင် လုပ်ငန်းကော်မတီလေးရပ်တို့ဟာ အဆိုရှင်တင်ပြထားတဲ့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေးတို့အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ အစိုးရတာဝန်ကိုလွှဲပြောင်းရယူပြီးအချိန်ကစပြီး ယနေ့အချိန်အထိ နေ့မအား၊ ညမနားဘဲ အစွမ်းကုန်ကြိုးစားဆောင်ရွက်နေပါကြောင်း အကြံပြုဆွေးနွေးရင် နိဂုံးချုပ်လိုက်ရပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလှထွန်းကျော်(မောင်တောမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ယနေ့လွှတ်တော်အစည်းအဝေးမှာ တက်ရောက်နေကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်းကျော် ဖြစ်ပါတယ်။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေရဲ့တင်သွင်း ထားတဲ့ အဆိုကို ကျွန်တော့်အနေနဲ့ တင်သွင်းတဲ့နယ်မြေဒေသက မဲဆန္ဒရှင်ဒေသခံများ တင်ပြချက်အပေါ်သော်လည်းကောင်း၊ ဒေသခံတစ်ယောက်အနေနဲ့သော်လည်းကောင်း၊ တိုင်းရင်းသားမျိုးနွယ်စု တစ်ဦးတစ်ယောက်အနေနဲ့ သော်လည်းကောင်း အဓိကထားပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်ခင်စောဝေအနေနဲ့ အဆိုပြုတင်ပြချက်မှာ အချက်နှစ်ချက်ကို ပိုင်းခြားပြီးတော့ သွင်းယူနိုင်ပါတယ်။ ပထမအချက်အနေနဲ့ကတော့

ရခိုင်ပြည်နယ်(မြောက်ပိုင်း)ဒေသက မောင်တောရယ်၊ ဘူးသီးတောင်ရယ်၊ ရသေ့တောင်ရယ်။ အဲဒီဒေသမှာ ဘင်္ဂါလီအစွန်းရောက်တွေရဲ့အန္တရာယ်ကြောင့် ဒုက္ခရောက်နေကြတာကို ပိုမိုကောင်းမွန်တဲ့ အုပ်ချုပ်ရေး၊ လုံခြုံရေး အစီအမံများချမှတ်ပြီးတော့ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရကို တိုက်တွန်းတယ်ဆိုတဲ့အပိုင်းနှစ်ပိုင်းကို တွေ့မြင်ရပါတယ်ခင်ဗျား။ အဲဒီ အပိုင်းနှစ်ပိုင်းမှာ ကျွန်တော့်အနေနဲ့ ဒေသခံတစ်ဦးတစ်ယောက်၊ လူနည်းစုတစ်ဦးတစ်ယောက်အနေနဲ့ ဖြစ်တဲ့အတွက် အဲဒီဒေသမှာ ပကတိတွေ့ကြုံနေရတဲ့ တိုင်းရင်းသားတွေရဲ့အခက်အခဲတွေ၊ လိုချင်တဲ့အချက်အလက်တွေကို ပေါ်လွင်အောင် နိုင်ငံတော်အစိုးရအနေနဲ့ ကိုယ်တိုင်သိသွားအောင် ကျွန်တော့်အနေနဲ့ ဒေါ်ခင်စောဝေရဲ့အဆို နောက်ဆုံးအပိုင်းအချက်ကိုပဲ အဓိကထားပြီး ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်ဟာ ရခိုင်ပြည်နယ်ရဲ့အနောက်ဘက်အစွန်ဆုံး ဘင်္ဂလားဒေ့ရှ်နယ်စပ်၌ထိစပ်ပြီးတော့ မြောက်မှတောင်ကို အရှည် ၈၂ မိုင်ရှည်လျားပြီး မြောက်ဘက်ကနေတောင်ဘက်ကို ၂၅ မိုင်ဧရိယာ၊ ၁၅ မိုင်ဧရိယာ၊ ၅ မိုင်ဧရိယာအနေအထားအနေနဲ့ မေယုတောင်တန်းကို အရှေ့ဘက်မှာနောက်ခံထားပြီးတော့ အနောက်ဘက်မျက်နှာစာမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့နယ်ခြား နိုင်းမြစ်အပါအဝင် တောင်ဘက်ပိုင်းကို ရသေ့တောင်မြို့နယ် အငူမော်ထိ ပင်လယ်ပြင်မှာ ၉၂ မိုင်၊ ကုန်းတွင်းမှာ ၆၅ မိုင် စုစုပေါင်း ၁၅၇ မိုင်ကို ထိစပ်ပြီးတော့ ရခိုင်ပြည်နယ်ရဲ့ပထဝီအနေအထားအတိုင်းပဲ တည်ရှိနေတဲ့မြို့တစ်မြို့ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောမြို့နယ်မှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများရဲ့ ပကတိလက်ရှိအခြေအနေကို တင်ပြရရင် ကျွန်တော်တို့မောင်တောမြို့နယ်မှာ ရခိုင်တိုင်းရင်းသားအနေနဲ့ ရွာပေါင်း ၆၃ ရွာရှိပါတယ်။ လူဦးရေအနေနဲ့ကတော့ ၁၈၀၅၃ ဦး၊ ပိုင်ဆိုင်တဲ့မြေယာကျတော့ ၁၀၈၉၅ ဧကရှိပြီး ဘာသာရေးဘုန်းတော်ကြီးကျောင်းကတော့ ၈၄ ကျောင်းရှိပါတယ်။ အဲဒီမှာ သက်တိုင်းရင်းသား မျိုးနွယ်စုအနေနဲ့ကတော့ ရွာပေါင်းကိုးရွာရှိတယ်။ လူပေါင်း ၂၇၀၂၉ ဦးရှိပါတယ်။ ဒိုင်းနက်မျိုးနွယ်စုကျတော့ ရွာပေါင်း လေးရွာရှိပါတယ်။ လူဦးရေက ၂၃၃၂ ဦးရှိပါတယ်။ မြိုမျိုးနွယ်စုကျတော့ ရွာပေါင်းက ၁၇ ရွာရှိပါတယ်။ လူဦးရေက ၄၅၂၀ ရှိပါတယ်။ ခမီမျိုးနွယ်စုကျတော့ တစ်ရွာပဲ ရှိပါတယ်။ လူဦးရေက ၁၄၃ ဦးပဲရှိပါတယ်။ မရမကြီးကျတော့ ရွာသုံးရွာရှိပါတယ်။ လူဦးရေပေါင်း ၃၇၁ ဦးရှိပါတယ်။ ဟိန္ဒူကျတော့ ရွာပေါင်းခုနစ်ရွာရှိတယ်။ လူဦးရေက ၃၈၀၆ ဦးရှိပါတယ်။ နောက် မြန်မာ

အပါအဝင် အခြားတိုင်းရင်းသားများ စုပေါင်းပြီးတော့ ဝန်ထမ်းအဖွဲ့အစည်းပါပေါင်းလိုက်ရင် ၁၇၉၄ ဦးရှိပါတယ်။ အဲဒါကြောင့် စုစုပေါင်းအနေနဲ့ ကျွန်တော်တို့ ဟိန္ဒူအပါအဝင် တိုင်းရင်းသားများ စုစုပေါင်းဟာ ၃၃၇၄၈ ဦးပဲရှိပါတယ်။ ကျွန်တော်တို့မောင်တောမြို့နယ်မှာ ဘင်္ဂါလီအနေနဲ့ကျတော့ ရွာပေါင်းက ၂၇၂ ရွာ၊ လူဦးရေကျတော့ ၄၉၅၉၀၃ ဦး၊ မြေယာပိုင်ဆိုင်မှုအနေနဲ့ကျတော့ ၆၈၁၉၀ ဧက၊ ဘာသာရေးဗလီကျောင်းကတော့ ၈၃၆ ခု၊ အာရဗီဘာသာရေးစာသင်ကျောင်းကတော့ ၇၄၅ ကျောင်းဖြင့် နေထိုင်ကြတာကို တွေ့မြင်ရပါတယ်။ မောင်တောမြို့နယ်တစ်မြို့နယ်လုံးရဲ့လူဦးရေဟာ တိုင်းရင်းသားအပါအဝင် ဘင်္ဂါလီပါပေါင်းလိုက်ရင် ၅၂၉၆၆၁ ဦးရှိတဲ့အတွက် ကျွန်တော်တို့ တိုင်းရင်းသားအနေနဲ့ကတော့ အားလုံးလူဦးရေရဲ့ ခြောက်ရာခိုင်နှုန်းသာရှိနေတဲ့အတွက်ကြောင့် ပထဝီနိုင်ငံရေးအရ အင်မတန်မှဆိုးရွားမှုရှိနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောမြို့နယ်မှာ အထက်ကဖော်ပြခဲ့တဲ့ ဌာနေတိုင်းရင်းသားမျိုးနွယ်စုများထဲမှာ ကျွန်တော်တို့ ရခိုင်ရယ်၊ သက်ရယ်၊ ဒိုင်းနက်ရယ်၊ မရမကြီးရယ်ဆိုတဲ့မျိုးနွယ်စုတွေကျတော့ မြေပြန့်ဒေသမှာ ဘင်္ဂါလီတွေနဲ့ထိစပ်ပြီးမှ လယ်ယာလုပ်ငန်းတွေ၊ အခြားဈေးဝယ်/အရောင်းအဝယ် လုပ်ငန်းတွေကို လုပ်ကိုင်ရင်း တည်ရှိနေတဲ့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ သထုံမဲဆန္ဒနယ်က ကျွန်မပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ရသေ့တောင်မဲဆန္ဒနယ်က ဒေါ်ခင်စောဝေရဲ့အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ မိမိပြည်နယ်နဲ့လူမျိုးအပေါ်အလေးထားတဲ့အဆိုရှင်ရဲ့စေတနာကို လေးစားမိပါကြောင်း ရှေးဦးစွာ ပြောကြားလိုပါတယ်။ ဒီနေရာမှာ ထပ်လောင်းပြောချင်တာကတော့ ကျွန်မအပါအဝင် ဒီလွှတ်တော်ကြီးထဲမှာရှိနေကြတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ၊ တပ်မတော်သားကိုယ်စားလှယ်တွေအားလုံးရော၊ နိုင်ငံတော်ကို အုပ်ချုပ်နေတဲ့အစိုးရအဖွဲ့အစည်းတွေနဲ့ တပ်မတော်အပါအဝင် ကျွန်မတို့နိုင်ငံသားတွေ အားလုံးဟာ ကျွန်မတို့နိုင်ငံရဲ့ မည်သည့်ဒေသ၊ မည်သည့်နေရာကိုမဆို တစ်လက်မမှအကျူးကျော်ခံမှာ မဟုတ်သလို မိမိနိုင်ငံရဲ့အချုပ်အခြာအာဏာ၊ တိုင်းပြည်ရဲ့လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာစေမယ့်ကိစ္စရပ်မျိုးဆိုရင်လည်း ဘင်္ဂါလီလူမျိုးများမဟုတ်ပါဘူး။ ဘယ်လူမျိုး ဘယ်အသားရောင်ကိုမဆို၊ ဘယ်ဘာသာကို ကိုးကွယ်သူမဆို၊ ဘယ်နိုင်ငံကိုမဆို ပြုလုပ်ခဲ့ရင် ကျွန်မတို့က ခေါင်းငုံ

ခံမှာမဟုတ်ဘဲနဲ့ အသက်နဲ့လဲပြီး ကာကွယ်ရဲတဲ့ စစ်မှန်တဲ့ပြည်ချစ်တဲ့စိတ်ဓာတ် မျိုးချစ်စိတ်တွေ အကုန်လုံးက ကျွန်မတို့ရဲ့အသွေးအသားထဲမှာ စီးဆင်းနေမယ်ဆိုတာကို ရဲရဲကြီးပြောပါရစေ။ ဗုဒ္ဓဘာသာအများစုဖြစ်တဲ့ ကျွန်မတို့နိုင်ငံမှာ ဗုဒ္ဓတရားတော်အရ အစွန်းရောက်တရားတွေကို ပယ်ရှားပြီးတော့ လက်တွေ့ကျကျပစ္စုပ္ပန်တည့်တည့်ကြည့်ကာ မဇ္ဈိမပဋိပဒါလမ်းစဉ်နှင့်အညီ ငြိမ်းချမ်းစွာနေထိုင်လိုပါတယ်။ အစွန်းရောက်တဲ့ကိစ္စဆိုရင် ဘယ်အရာမှကောင်းကျိုးမရှိဘဲ လောကကြီးကို အဆိပ်အတောက်ဖြစ်စေတတ်တယ်ဆိုတာ ဒီနေ့ကမ္ဘာမှာဖြစ်နေတဲ့ အကြမ်းဖက်အနိဋ္ဌာရုံတွေက သက်သေတွေပါရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၈၊ ၃၆၂ တို့အရ နိုင်ငံသားများရဲ့ ကိုးကွယ်ယုံကြည်မှုနဲ့ပတ်သက်ပြီးတော့ အခွင့်အရေးတွေပေးထားပြီးသားဖြစ်သလို နိုင်ငံသားတိုင်းကလည်း ဒီဥပဒေကိုလိုက်နာရန်တာဝန်ရှိတဲ့အတွက် ကျွန်မတို့အနေနဲ့ ဘာသာကိုးကွယ်မှုကိုတော့ ကန့်သတ်ပိတ်ပင်ရှုံ့ချမှာမဟုတ်ပါဘူး။ ဒါပေမဲ့ အဆိုရှင်တင်ပြသလို အစွန်းရောက်ခြင်းဆိုတဲ့ဝါဒသဘောတရား လက်ကိုင်ထားတဲ့ ဘယ်သူ့ကိုမဆိုတော့ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတွေမှန်သမျှ လက်ခံမှာမဟုတ်ပါဘူး။ အစွန်းရောက်ခြင်းဆိုတဲ့ဝါဒတစ်ရပ်ကို ကိုးကွယ်ယုံကြည်မှုဆိုတဲ့ ဘာသာတရားထဲသွတ်သွင်းကာ လူမျိုးရေး၊ ဘာသာရေးအသွင်သဏ္ဌာန်ဖန်တီးပြီး ဆူပူမှုတွေဖြစ်လာအောင် ဖန်တီးရင်တော့ ဒါကို ထိထိရောက်ရောက်အရေးယူရမှာပါ။ အစွန်းရောက်တဲ့လူတွေကြောင့် အမုန်းတရားတွေပွားပြီး သတ်ဖြတ်လုယက်အကြမ်းဖက်မှုတွေဖြစ်လာနိုင်တာမို့ အကြမ်းဖက်ခြင်းအစ အမုန်းတရားကလို့တောင် ဆိုနိုင်ပါတယ်။ ဒီနေရာမှာ မေတ္တာရပ်ခံချင်တာက ရည်ရွယ်ချက်ရှိရှိနဲ့ အမုန်းတရားတွေပွားများအောင်လုပ်ပြီး သွေးထိုးလှုံ့ဆော်ခြင်းဟာ တိုင်းပြည်နဲ့လူမျိုးကို ချစ်ရာမရောက်ဘဲနဲ့ ဥက္ကဋ္ဌကြီးအမိန့်ရှိခဲ့ဖူးသလိုပါပဲ။ အညှောင့်ပေါက်ခါစ ဒီမိုကရေစီအပင်ပေါက်ကလေးကို သင်းသတ်တာနဲ့တူပြီးတော့ တိုင်းပြည်ကို ခြောက်ထဲကျစေမှာမို့လို့ နောက်ကွယ်က လက်မည်းကြီးလုပ်နေတဲ့သူတွေအားလုံး ရပ်တန်းကရပ်သင့်ပါပြီ။ ရခိုင်တိုင်းရင်းသားများအပါအဝင် ကျွန်မတို့နိုင်ငံသားတွေအားလုံး အေးချမ်းချင်လှပါပြီမို့ လောဘတွေအတောသတ်ပြီး အမုန်းတရားနှင့် အကြမ်းဖက်မှုတွေ မလုပ်ကြပါနဲ့တော့လို့ မေတ္တာရပ်ခံပါတယ်။ ဒီလိုလုပ်ရပ်တွေကို ဖော်ထုတ်ချင်လို့လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ် အကြံပေးကော်မရှင်နဲ့ ဒုတိယသမ္မတဦးမြင့်ဆွေဦးဆောင်တဲ့ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေကော်မရှင်ကို ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်ကို မတည်မငြိမ်ဖြစ်စေတဲ့ အကြမ်းဖက်အဖွဲ့တွေကို ဖော်ထုတ်သွားမှာပါ။ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ၊ လုံခြုံရေးလုပ်ငန်းတွေကို အစိုးရအနေနဲ့ တိုးမြှင့်ဆောင်ရွက်နေတာကိုလည်း ဦးမျိုးဇော်ဦးကနေပြီးတော့ ဆွေးနွေးတင်ပြထားတဲ့အတွက် ကျွန်မတို့ မျက်ဝါးထင်ထင်တွေ့မြင်ရပြီဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်ထဲဝင်လာသူ ဘင်္ဂါလီခန့်မှန်း တစ်သန်းကျော်နီးပါးဟာ အစိုးရသစ်လက်ထက်ကျမှ တစ်ပျော်တစ်ပါးကြီးဝင်လာကြတာ မဟုတ်ပါဘူး။ ရခိုင်မှာဖြစ်နေတာတွေဟာ နှစ်ပေါင်းများစွာထဲက ပဋိသန္ဓေတည်ခဲ့တဲ့အစွန်းရောက်အောင်အဂတိလိုက်စားမှု၊ ရေရှည်နိုင်ငံအတွက်မစဉ်းစားဘဲ မိမိတို့တစ်စုတစ်ဖွဲ့ အကျိုးရစေဖို့ White Card တွေ၊ နိုင်ငံသားကတ်တွေ ထုတ်ပေးခဲ့တဲ့ မူလခိုးဝင်သူတွေကနေတစ်ဆင့် ဆင့်ပွားခိုးဝင်ကြရင်းနဲ့ အခုလိုဖြစ်လာတာပါ။ ကျွန်မတို့နိုင်ငံမှာ နှစ်ပေါင်း ၅၀ ကျော်အတွင်း အရပ်သားဒီမိုကရေစီအစိုးရပေါ်ထွန်းခဲ့တာ အခုပထမဆုံးအကြိမ်ဖြစ်ပြီးတော့ တစ်နှစ်ခွဲတောင်မပြည့်သေးတဲ့အချိန်မှာ စိန်ခေါ်မှုတွေအများကြီးရှိနေတာကို အစိုးရအနေနဲ့ ဥပဒေနှင့်အညီဆောင်ရွက်နေတာဖြစ်လို့ အချိန်ပေးရပါမယ်။ အခုဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့၊ တပ်မတော်၊ ပြည်နယ်အစိုးရအဖွဲ့တွေကလည်း ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်မှုရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်နေကြပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒေသခံတွေ၊ နိုင်ငံရေးပါတီတွေ၊ လူမှုအဖွဲ့အစည်းတွေက မိမိတို့ဒေသအတွက် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် တိုင်းပြည်ချစ်တဲ့စိတ်ကို ပြနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ကျွန်မတို့ရဲ့သွေးချင်းတွေကိုပြောချင်တာကတော့ လက်ရှိအစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ အရ အပ်နှင်းထားတဲ့တာဝန်အရ မိမိလုပ်ဆောင်ရမယ့်နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေးတို့ကို ဦးမျိုးဇော်ဦး ဆွေးနွေးခဲ့သလို လုပ်ဆောင်နေတာဖြစ်လို့ တာဝန်ကျေတယ်လို့ ထင်မြင်မိပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင်။ တစ်စုံတစ်ယောက် ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုကို တိုက်တွန်းတယ်ဆိုတာ သူ့တာဝန်ကို သူမလုပ်တဲ့အခါမှသာ တိုက်တွန်းရတာဖြစ်ပါတယ်။ ဒီကိစ္စမှာတော့ အစိုးရအနေနဲ့ မိမိလုပ်ဆောင်သင့်တာတွေကို စဉ်ဆက်မပြတ် အလေးထားလုပ်ဆောင်နေတာဖြစ်တဲ့အတွက် ထပ်ပြီးတိုက်တွန်းဖို့မလိုအပ်ပါကြောင်း သုံးသပ်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ အားလုံးသာလီစွပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ဘူးသီးတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေပါ။ ဒေါ်ခင်စောဝေရဲ့ အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ အပိုင်းနှစ်ပိုင်းပါဝင်ကြောင်း တွေ့ရပါတယ်။ ဘင်္ဂါလီအစွန်းရောက်အကြမ်းဖက်အဖွဲ့တွေရဲ့လုပ်ရပ်ဟာ နိုင်ငံတော်ရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာကိုပါ ထိပါးလာနေပြီ

ဆိုတဲ့အပိုင်းနဲ့ အဲဒီလို ထိပါးလာတဲ့အတွက်ကြောင့် ဒေသခံပြည်သူတွေရဲ့ အသက်အိုးအိမ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးအစီအမံများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ဖို့ ဆိုပြီး ပါဝင်တာတွေ့ရပါတယ်။ ဘင်္ဂါလီမူဆလင်များဟာ တိုင်းရင်းသားဖြစ်လိုမှုကြောင့် ရိုဟင်ဂျာ အသုံးအနှုန်းနဲ့ နယ်မြေရလိုမှုအပြင် သူတို့လူမျိုး ၁၁ သိန်းခန့်ကို နိုင်ငံသားအဖြစ်အသိအမှတ်ပြုပြီး မြန်မာပြည်တွင်းကို အခြေချနေထိုင်ခွင့်ရရှိရေးအတွက် ကြိုးစားရာမှ အကြမ်းဖက်မှုတွေစတင်လာ ကြောင်း တင်ပြလိုပါတယ်။ ရိုဟင်ဂျာအမည်ခံအဖွဲ့အစည်းတွေဟာ ကမ္ဘာအရပ်ရပ်မှာ အခြေစိုက်ပြီး လော်ဘီလုပ်ကြတယ်။ အာဖဂန်နစ္စတန်မှာ တိုက်ခိုက်ရေးသင်တန်းတွေတက်ပြီး ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ ဒုက္ခသည်စခန်းတွေမှာ မြုပ်နှံနေကြရကြောင်း စစ်တကောင်းနဲ့ ဒါးကသတင်းစာတွေမှာ ဖော်ပြပြီး ဖြစ်ပါတယ်။ ပြည်တွင်းမှာလည်း အကြမ်းဖက်လုပ်ရပ်တွေ နေ့စဉ်ကျူးလွန်နေပြီး သူတို့ရွာတွေမှာ ခြေကုတ်ယူလျက်ရှိနေပါတယ်။ ဒါ့ကြောင့် ဒီပြဿနာဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးနေပြီဆိုတာကို မြန်မာပြည်သူများအထူးသတိထားသင့်ပါကြောင်း တင်ပြလိုပါတယ်။ တစ်ဖန် ဘူးသီးတောင်၊ မောင်းတောဒေသနေတိုင်းရင်းသားဖြစ်ကြတဲ့ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ ရခိုင်စတဲ့ ဌာနေတိုင်းရင်းသားတွေကို ဘင်္ဂါလီမူဆလင်တွေက ၁၉၄၂ ခုနှစ်မှာ အကြမ်းဖက် သတ်ဖြတ်မီးရှို့ လိုက်တဲ့အတွက်ကြောင့် မောင်းတောမြို့နယ်မှ ရခိုင်တိုင်းရင်းသားကျေးရွာ ၁၂၉ ရွာ မီးရှို့ခံရပြီး ၉၈ ရွာပြန်လည်ထူထောင်စွမ်းမရှိတော့ပါ။ ဘူးသီးတောင်မြို့နယ်မှာ ၂၁၇ ရွာမီးရှို့ခံရပြီး ၁၁၆ ရွာ ပြန်လည်ထူထောင်နိုင်စွမ်းမရှိတော့ပါ။ အဲဒီလိုပျက်စီးသွားတဲ့ကျေးရွာတွေမှာ ဘင်္ဂါလီတွေဝင်ရောက် နေထိုင်ကြတဲ့အပြင် နေ့စဉ်နှင့်အမျှ ရွာသစ်တွေတိုးချဲ့ဆောက်လုပ်လျက်ရှိပါတယ်။ ကျွန်တော် ကိုယ်တိုင် ၂၀၁၆ ခုနှစ် မေလတွင်းက ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကွင်းဆင်းပြီးတော့ ဟန့်တားဖူးတာတွေရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေရဲ့ရင်ထဲမှာ မိမိတို့ကျေးရွာများ၊ နယ်မြေများ ပုဂ္ဂလိကဆုံးရှုံးမှုထက် မိမိတို့လူမျိုးများနေထိုင် ပိုင်ဆိုင်ခဲ့တဲ့ နယ်မြေများဆုံးရှုံးပြီး အချုပ်အခြာအာဏာပါ လက်လွှတ်လိုက်ရပြီလို့ ပြင်းထန်စွာခံစားလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီပြဿနာကိုဖြေရှင်းတဲ့အခါမှာ သမိုင်းအရရော၊ လက်တွေ့အရပါ Stake holder ဖြစ်တဲ့ ဌာနေရခိုင်တိုင်းရင်းသားတွေကို ပါဝင်ဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။ လက်ရှိအစိုးရရဲ့ ဘင်္ဂါလီအရေးဖြေရှင်းမှုတွေဟာ အနာတခြား၊ ဆေးတခြား ဖြစ်နေကြောင်း ဝေဖန်ထောက်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယခုဖြစ်ပေါ်နေတဲ့အကြမ်းဖက်မှု

တွေဟာ နယ်မြေရလိုမှုနဲ့ တိုင်းရင်းသားဖြစ်လိုမှု ကြိုးပမ်းရာမှ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးလာနေတာဖြစ်ပါတယ်။ ဒါတွေကို အစိုးရအနေနဲ့ ဘင်္ဂါလီနဲ့ရခိုင်ကြား ပြဿနာဖြစ်နေတဲ့ပုံစံမျိုး၊ နှစ်ဖက်လူ့အသိုင်းအဝိုင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးရေးစတဲ့စကားလုံးတွေကို အသုံးပြီးတော့ ပြည်ထောင်စုအစိုးရက ကြားဝင်ဖြေရှင်းပေးနေရတဲ့ပုံသဏ္ဍာန်မျိုး မဖော်ဆောင်သင့်ပါဘူးလို့ တင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တွေကလည်း အကြမ်းဖက်အဖွဲ့အစည်းများကို မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ဆိုတာကို ဖော်ပြမထားဘဲ နှစ်ဖက်လူ့အသိုင်းအဝိုင်းသဟဇာတဖြစ်ရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ စကားလုံးများကိုတင်ပြထားရာ ခုတ်ရာတခြား၊ ရှရာတခြားဖြစ်နေပါတယ်။ ဒေသခံဌာနေတိုင်းရင်းသားများကို နိုင်ငံသားတောင်မှ စိစစ်မခံတဲ့ ခိုးဝင်ဘင်္ဂါလီများနှင့် တစ်တန်းတည်းသဘောထားပြီး တန်းညှိလိုက်ခြင်းဟာ ဌာနေတိုင်းရင်းသားများရဲ့ အခွင့်အရေးကို ချိုးဖောက်စော်ကားရာရောက်မနေဘူးလားလို့ မေးခွန်းထုတ်စရာဖြစ်လာပါတယ်။ ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ ရခိုင်ပြည်သူတွေ တစ်ချိန်လုံးတောင်းဆိုနေခဲ့တဲ့ ၁၉၈၂ ခုနှစ်နိုင်ငံသားဥပဒေပါအတိုင်း စိစစ်ပေးပါလို့ တောင်းဆိုခဲ့သော်လည်း တစ်ဘက်က စိစစ်မခံတဲ့အတွက် ရခိုင်ပြည်နယ်ထဲမှာပဲ ပိတ်လှောင်ပြီး ခရီးသွားလာခွင့်ကိုပါ ကန့်သတ်ထားတော့ ပြဿနာဖြစ်ရင် ရခိုင်ကပဲခံနေရပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာဖိအားလည်းလျော့သွားအောင် လူ့အခွင့်အရေးကို တန်ဖိုးထားလေးစားတဲ့သူတွေအတွက် အတူယှဉ်တွဲနေထိုင်ရေး၊ သဟဇာတဖြစ်ရေးကို ရှေ့ရှုပြီးတော့ လူသားချင်းစာနာကြတယ်ဆိုလို့ရှိရင် ရခိုင်ပြည်မှာရှိတဲ့ ဘင်္ဂါလီများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်အသီးသီး ခွဲဝေနေရာချထားပေးဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။ ဒါမှသာ အချင်းချင်းရိုင်းပင်းကူညီပြီးတော့ ကူညီတဲ့စိတ်ဓာတ်ဖြင့် ပြဿနာကိုဝိုင်းဝန်းဖြေရှင်းရာရောက်ပါလိမ့်မယ်။ ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့အစိတ်အပိုင်း ဖြစ်တဲ့အတွက်ကြောင့် ရခိုင်အရေးသည်လည်း မြန်မာနိုင်ငံတစ်ခုလုံးရဲ့အရေးဖြစ်တယ်။ ဒါ့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးက တာဝန်ယူရမှာဖြစ်ကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် အောက်ပါတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အကြံပြုတိုက်တွန်းလိုပါတယ်။ (၁) အကြမ်းဖက်အဖွဲ့များကို အလျင်အမြန်ဖော်ထုတ်ပြီး အကြမ်းဖက်ဥပဒေအရ အရေးယူဆောင်ရွက်ပေးရန်။ (၂) နယ်စပ်ဖြတ်ကျော်သွားလာမှုကို ထိရောက်စွာတားဆီးနိုင်ရေးအတွက် ထိရောက်သောလုပ်ပိုင်ခွင့်အစီအမံများ ဥပမာ-သေနတ်ပစ်ခွင့်အမိန့်များပေးထားရန်။ (၃) တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်။ (၄) လူဦးရေတိုးပွားမှုထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်

မှုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်။ (၅) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)မှာ ပြည်သူများ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ ၃၈၅ မှာ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအချုပ်အခြာအာဏာ နှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ် သည်ဟုလည်းကောင်း ဖော်ပြထားရာ အဆိုပါဒေသရှိ လူနည်းစုတိုင်းရင်းသားများရဲ့ အသက်အိုးအိမ် ကာကွယ်ရေးနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားကျေးရွာများမှ ရပ်ရွာကာကွယ်ရေးတပ် Home Guard အဖြစ်ဖွဲ့စည်းပြီး လက်နက် တပ်ဆင်ပေးသင့်ပါကြောင်း အကြံပြုတိုက်တွန်းရင်း ဒေါ်ခင်စောဝေရဲ့အဆိုကို။

**ဥက္ကဋ္ဌ**။ ။ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရသေ့တောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမှ ဩဂုတ်လ ၈ ရက်နေ့တွင် လွှတ်တော်သို့တင်သွင်းသောအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသား ၃၅ မျိုးတို့မှာ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ကောင်းတူဆိုးဘက် ထာဝစဉ်စည်းလုံးညီညွတ်စွာ လက်တွဲ နေထိုင်ကြသည်မှာ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက ဖြစ်ပါတယ်။ နိုင်ငံသားတိုင်းဟာ အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၃ အရ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒီ့အရေး(၃)ပါးကိုထိခိုက်စေနိုင်တဲ့ ဘင်္ဂါလီတို့ရဲ့အစွန်းရောက် လုပ်ရပ်တွေဟာ ထိရောက်စွာကာကွယ်နိုင်ရန်၊ စည်းလုံးညီညွတ်စွာဖြင့် အရှိန်မြှင့်တင်ပြီးဆောင်ရွက် ရမယ့်အချိန်ကာလ ရောက်ရှိနေပြီဖြစ်ကြောင်း သဘောပေါက်မိပါတယ်။

ရခိုင်ပြည်နယ်တွင် ရခိုင်၊ ချင်း၊ ဗမာ၊ သက်၊ မြို၊ ကမန် စသည့်တိုင်းရင်းသားများ နေထိုင်ကြပြီး ညီရင်းညီအစ်ကိုလို စည်းလုံးညီညွတ်စွာနေထိုင်လျက်ရှိပါတယ်။ စာပေကျမ်းဂန်အရ သက်နဲ့ရခိုင်၊ နိုင်းကိုင်တောင်သူ၊ ပျူကမ်းရန်ရော၊ ထားဝယ်နှော့က မျိုးသသဟု တောင်တန်းမြေပြန့်ပြည်နယ် မြေပြန့်မခွဲခြားဘဲ၊ ပြည်နယ်ပြည်မမခွဲခြားဘဲ ရှေးရှေးကတည်းက ကူးလူးဆက်ဆံကုန်သွယ်မှုရှိကြောင်း ကိုလည်း ဖော်ညွှန်းလျက်ရှိပါတယ်။ ရခိုင်ပြည် မြောက်ဦး၊ ဓညဝတီ၊ ဝေသာလီကဲ့သို့ ရှေးဟောင်း မြို့တော်များ၊ ငပလီကဲ့သို့အပန်းဖြေစခန်းများ၊ ရေနံသဘာဝဓာတ်ငွေ့ ပင်လယ်ထွက်ကုန်၊ ရေနက်

ဆိပ်ကမ်းများဖြင့် ချမ်းသာကြွယ်ဝလာဦးမယ့်ပြည်နယ်ဖြစ်တော့မှာမို့ တစ်ချိန်ကအမွေခံရခိုင်ဖြစ်ခဲ့ပေမဲ့ နောင်ဆိုရင် ရွှေရခိုင်လို့ခေါ်ရတော့မှာဖြစ်ပါတယ်။ ဤဒေသ၏ကျယ်ဝန်းသောမြေနေရာ၊ ပေါများကြွယ်ဝသော စားနပ်ရိက္ခာတို့ကြောင့် ဘင်္ဂါလီတို့ဟာ ရခိုင်မြောက်ပိုင်းဒေသကို ဝင်လာမစဲတသဲသဲဖြစ်နေသည်မှာ ယနေ့တိုင်ဖြစ်ပါတယ်။ နတ်မြစ်၊ ပူးချောင်း၊ ပူးမချောင်း၊ မကူရချောင်းစသည့် ချောင်းငယ်၊ မြောင်းငယ်များဟာလည်း ခိုးဝင်ခိုးထွက်ရာလမ်းသဖွယ်ဖြစ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရင်းစစ်ရင် အမြစ်ရှာကြမယ်ဆိုရင် ဒုတိယကမ္ဘာစစ်မတိုင်မီက လယ်ယာလုပ်သားအဖြစ်ဝင်ရောက်လာသော ဘင်္ဂါလီတို့သည် တဖြည်းဖြည်းအင်အားကြီးထွားလာကာ တိုင်းရင်းသားနှင့်ပဋိပက္ခမှုကို တစ်နေ့ထက်တစ်နေ့ ပို၍ပို၍ကြီးမားလာကြောင်းကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ၁၉၄၂ ခုနှစ်၊ ၂၀၁၂ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ပဋိပက္ခများ၊ ၂၀၁၆ ခုနှစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဖြစ်ပွားခဲ့သောပဋိပက္ခများ၊ ရိုးသားစွာလုပ်ကိုင်စားသောက်သော ရွာသားများနှင့် မြို့တိုင်းရင်းသားများကို ရက်စက်ယုတ်မာစွာ သတ်ဖြတ်ခဲ့သည့်ဘင်္ဂါလီတို့၏လုပ်ရပ်များဟာ ရည်ရွယ်ချက်ရှိရှိ နည်းပရိယာယ်မျိုးစုံဖြင့် ဖီလာဆန့်ကျင်ပြီး နိုင်ငံ့လုံခြုံရေး၊ နယ်မြေတည်တံ့ရေးနှင့် တိုင်းရင်းသားတို့၏အသက်အိုးအိမ်လုံခြုံမှုကိုပါ မကြာခဏတိုးပြီးထိပါးလာကြောင်း သိရှိရပါတယ်။ တစ်ယောက်လျှင် ဇနီးလေးယောက်ယူစေသည့် လူဦးရေအဆမတန်တိုးပွားစေကြောင်း၊ အဆိုရှင်တင်ပြတဲ့မြို့နယ်မှာ ဘင်္ဂါလီရဲ့လူဦးရေဟာ ၉၀ ရာခိုင်နှုန်းကျော်ရှိနေကြောင်း တစ်ချိန်ချိန်တွင်တိုင်းပြည်အချုပ်အခြာအာဏာကို ထိခိုက်လာမှာကိုစိုးရိမ်နေရပြီဖြစ်ကြောင်း၊ ကုလားမနိုင်ရခိုင်မဲ ပြောစမှတ်ပြုရာမှ ယခုမှာဆိုရင် ကုလားမနိုင်ရခိုင်ပြေးဟု ပြောရတော့မလိုဖြစ်နေပါတယ်။ ဘင်္ဂါလီကလည်း ဗလီအခမ်းအနားတိုင်းမှာ အစွန်နဲ့ရှည်ပါစေလို့ တစ်ဖက်နိုင်ငံများအမည်ကိုရင်း၊ ဆုတောင်းခြင်း အားကိုးရာဖြစ်သော လူ့အခွင့်အရေးပင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံနယ်မြေအစိတ်အပိုင်းတစ်ခုခုကို ရယူလိုကြောင်းထင်ရှားလှပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေမှာ တိုင်းရင်းသားလူမျိုးများဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ်သတ်မှတ်၍ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် ဧည့်နိုင်ငံသားများမပါဝင်ပါလို့ ဖွင့်ဆိုထားတဲ့အတွက် ဘင်္ဂါလီများမပါဝင်ပါ။ ပြည်တွင်းရောက်ရှိနေပြီးတဲ့လူများကိုလည်း ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအတိုင်း တိတိကျကျတရားမဝင်သူများကို နိုင်ငံတကာဥပဒေအတိုင်း ဒုက္ခသည်စခန်းများဖွင့်ပြီးတော့မှ နေစေခြင်း

ဖြင့် ပဋိပက္ခများ အချိန်တိုအတွင်း ချုပ်ငြိမ်းစေနိုင်ပါတယ်။ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကိုလည်း လုံခြုံသွားစေမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အမျိုးမျိုးသောစုံစမ်းစစ်ဆေးမှု ကော်မရှင်ဖွဲ့စည်းကာ ဆောင်ရွက်နေကြောင်းကိုလည်း တိုင်းသိပြည်သိဖြစ်ပါတယ်။ ပြည်ထောင်စု ဝန်ကြီးများကလည်း လိုအပ်သောအစီအမံများကိုစီမံခန့်ခွဲပေးခြင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အနေနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိအောင် တပ်များကိုတိုးမြှင့်စေလွှတ်နေခြင်းများကိုလည်း ကြားရသည့်အတွက် ဝမ်းမြောက်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးအနေဖြင့် ဆွေးနွေးလိုတာက ဒီဖြစ်ရပ်တွေအားလုံးဟာ ရာစုနှစ်တစ်ခု နီးပါးသို့ ကြာမြင့်ပြီဖြစ်တဲ့အတွက် နောင်တစ်ချိန်မှာလူမျိုးရေးပဋိပက္ခများ၊ နိုင်ငံတော်၏အချုပ်အခြာ အာဏာကိုထိခိုက်စေမှုကို ဦးတည်နေတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရေရှည်ပိုမိုတည်တံ့ခိုင်မြဲ အောင် အုပ်ချုပ်ရေး၊ နောက် စဉ်ဆက်မပြတ်သောလုံခြုံမှုအစီအမံများကို ဆောင်ရွက်ထားဖို့အထူး လိုအပ်နေသေးကြောင်း သုံးသပ်အကြံပြုရင်း ဆွေးနွေး။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ကျောက်တော် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ဒေါ်ခင်စောဝေရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ရခိုင် ပြဿနာကို ဆွေးနွေးကြတဲ့အခါမှာ နိုင်ငံတကာအမြင်တွေနဲ့ ဆွေးနွေးကြတာ တော်တော်များများ သတိထားမိပါတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာဖြစ်ပါတယ်။ တကယ်တမ်း အခုဖြစ်နေတဲ့ လက္ခဏာ တွေဟာလည်းပဲ နိုင်ငံတကာနှင့် အများကြီးဆက်စပ်နေတာဖြစ်တဲ့အတွက် ဒီအခြေခံအကြောင်းတရား တွေကို နိုင်ငံတကာအမြင်တွေနဲ့ အချိန်ရသလောက်သုံးသပ်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသိကြတဲ့အတိုင်း ဥရောပအလယ် ခေတ်နှောင်းပိုင်းမှာ ရာစုနှစ်ခုတိုင်ပြင်းထန်ခဲ့တဲ့ ကမ္ဘာ့ Islamization ကပ်ဆိုးကြီးဟာ ၂၀ ရာစုနှောင်းပိုင်းမှာ ပြန်လည်အားယူခေါင်းထောင်လာခဲ့တာဖြစ်ပါတယ်။ ရေနံနှင့်အပြိုင် ကုန်းထလာ ခဲ့တဲ့ အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးဟာ ဒီမဟာ မစ်ရှင်ကြီးကိုအကောင်အထည်ဖော်ဖို့အတွက် Islamic Network တစ်ခုကို ၁၉၆၉ ခုနှစ်မှာ ဆော်ဒီအာရေးဘီးယားနိုင်ငံမှာ စတင်တည်ထောင် ခဲ့ကြပါတယ်။ ဒီအဖွဲ့ဟာ အစ္စလာမ် ကောင်းစားရေးတစ်ခုတည်းကိုသာ ဦးတည်ဖွဲ့စည်းရုံသာမက

ကမ္ဘာတစ်ဝန်းလုံးကို Islamization လုပ်ဖို့အတွက် အဓိကဖြစ်တယ်လို့ ၁၉၇၀ ခုနှစ်မှာ CIA ရဲ့ ထောက်လှမ်းရေးသတင်းကနေတစ်ဆင့် ပေါက်ကြားခဲ့ပါတယ်။ အစ္စရေးက အမျိုးသားထောက်လှမ်းရေးအေဂျင်စီကြီးဖြစ်တဲ့ မောဆက်ရဲ့မျက်ခြေမပြတ်စောင့်ကြည့်နေတဲ့ အဖွဲ့အစည်းကြီးလည်း ဖြစ်ပါတယ်။ အဲဒီအဖွဲ့အစည်းကတော့ Islamic ၅၇ နိုင်ငံပါဝင်တဲ့ OIC ခေါ် Organization of Islamic Cooperation ဖြစ်ပါတယ်။

လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သူတို့ရဲ့ Islamization အတွက် ကမ္ဘာ့ကြီးကို စိန်ခေါ်ဖို့ 9/11 နဲ့ ၂၁ ရာစုရဲ့အကြမ်းဖက်စာမျက်နှာ တစ်နည်းအားဖြင့် Islamization အိပ်မက်တံခါးကို စတင်ဖွင့်လှစ်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီကနေ အယ်လ်ကိုင်ဒါ၊ Isis အထိ တစ်ကမ္ဘာလုံးကို အကြောက်တရားလွှမ်းမိုးရေး စိတ်ဓာတ်စစ်ဆင်ရေး psywar အဖြစ်နဲ့ လူသားဖြစ်တည်မှု၊ လူ့ယဉ်ကျေးမှုတစ်ခုလုံးကို စော်ကားတဲ့ လူမဆန်တဲ့ ရက်စက်မှုတွေကို နေ့စဉ်ကျူးလွန်နေကြတာ အားလုံးအသိပင်ဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ အရှေ့အလယ်ပိုင်းကနေ အရှေ့တောင်အာရှကို ခြေကုပ်ယူဖို့ကြိုးစားလာတာ သူတို့ရဲ့အကြမ်းဖက်သင်တန်းတွေပေးပြီး အကြမ်းဖက်မှုတွေဆက်တိုက်ဖြစ်ပေါ်လာတာတွေ ရခိုင်ပြည်က ပြဿနာတွေဟာ ဒီဖြစ်စဉ်နှင့် လုံးဝဆက်စပ်နေတာနိုင်ငံတကာအကြမ်းဖက်စောင့်ကြည့်တဲ့အဖွဲ့တွေကလည်း တရားဝင်ကြေညာထားသလို နိုင်ငံတော်ကလည်း တရားဝင်ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ပြီးတော့ နောက် Islamization Tool တစ်ခုဖြစ်တဲ့ လူသား လှိုင်းလုံးနဲ့ ကျူးကျော်ရေးကိုလည်း အရှိန်အဟုန်မပြတ် လုပ်ဆောင်နေဆဲဖြစ်ပါတယ်။ စစ်ဖြစ်တာ၊ သဘာဝဘေးအန္တရာယ်ဖြစ်တာတွေကို အကြောင်းပြုပြီး ကမ္ဘာအနှံ့ကို ပျံ့နှံ့စေတယ်။ အဲဒီ Diaspora တွေဟာ လိုအပ်ရင် တစ်သံတည်းထွက်တယ်ဆိုတာ ရိုဟင်ဂျာပြဿနာက အထင်အရှားပြသနေပါတယ်။ နောက်တစ်ခု ဒီ Mission အတွက် ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်သားမွေးအလုပ်ကို ပြုလုပ်ပြီး မွေးနှုန်းတွေနဲ့ လူဦးရေကိုပေါက်ကွဲသွားအောင် ကြိုးစားနေကြတာပါ။ ဒါကြောင့် ရခိုင်ပြည်နယ်မှာ ကာလတစ်ခုအတွက် လူဦးရေကြောက်ခမန်းလိလိ တိုးပွားခဲ့တာပဲ ဖြစ်ပါတယ်။ ကပ်လျက်ရှိနေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသေးသေးလေးမှာ လူဦးရေသန်း ၁၆၀ ကျော်ရှိပါတယ်။ တစ်မိနစ်မှာ ငါးယောက်နှုန်း တိုးနေတာကိုတွေ့ရပါတယ်။ အဲဒီနိုင်ငံတွေရဲ့လူဦးရေ ပေါက်ကွဲမှုဟာ ဒီနေ့ပြဿနာကြီးတစ်ခုအဖြစ်နဲ့ ကျွန်တော်တို့ခေါင်းပေါ်မှာ ရောက်နေတာ ဖြစ်ပါတယ်။ ဒါဟာလည်း Islamization Tool တစ်ခုဖြစ်တဲ့ Migration Invention Policy ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ နောက် Islamization Tool ဖြစ်တဲ့ Media Way ကို သုံးပြီးလုပ်နေတာတွေလည်း

အားလုံးမျက်မြင်ဖြစ်တဲ့အတွက် အထူးအကျယ်ချဲ့ပြီး မပြောလိုတော့ပါဘူး။ သူတို့ Islamization Project ကြီးကို ပိုမိုမြန်ဆန်အောင် အားဖြည့်ပေးလိုက်တဲ့အဓိကအကြောင်းအရင်းတစ်ခုက ၁၉၉၀ ခုနှစ်နောက်ပိုင်းမှာ ဥရောပနှင့် အနောက်နိုင်ငံတွေမှာ ပေါ်ပေါက်ပေးခဲ့ပါတယ်။ အဲဒါကတော့ အသားရောင်ခွဲခြားမှု ဆန့်ကျင်ရေးနှင့်အတူ လူသားဝါဒ Humanitarian ကို လှလှပပကွပ်ထားတဲ့ Human ဆိုတဲ့စကားဟာ ဥရောပနှင့် အနောက်နိုင်ငံတချို့က နိုင်ငံရေးသမားတွေရဲ့ပါးစပ်မှာ ရေပန်းစားခဲ့ပါတယ်။ ပြီးတော့ အဲဒီ HR ကို စံနှုန်းတစ်ခုအဖြစ် အသေကိုင်စွဲပြီး ဖွံ့ဖြိုးစနိုင်ငံတွေအပါအဝင် သူတို့ရဲ့ Interest နဲ့သွေဖည်ထားတဲ့ ယူဆတဲ့နိုင်ငံတွေကို ဝင်စွက်ဖို့ကြိုးစားခဲ့တယ်။

အခုကိုယ့်အတတ်ကိုယ် ပြန်စူးနေတဲ့ ဖြစ်ရပ်တွေ ဥရောပနှင့် အနောက်နိုင်ငံတွေ ခံစားနေကြရပြီ ဖြစ်ပါတယ်။ လူ့အခွင့်အရေးဟာ အနှစ်သာရကောင်းတယ်၊ ရည်ရွယ်ချက်ကောင်းတယ်။ ဒါပေမဲ့ ဒါကို အသုံးချပြီး New World Order ကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေကြတာကို သူတို့ကိုယ်တိုင် ရိပ်မိနေကြတဲ့အချိန်မှာ တော်တော်နောက်ကျသွားပြီလို့ ဆိုပါတယ်။ ၂၀၁၅ ခုနှစ်မှာ အင်္ဂလန်က လူမှုရေးသုတေသီတစ်ဦးရဲ့စနစ်တကျ သုတေသနပြုလုပ်ထားတဲ့စာထဲမှာ သူတို့နိုင်ငံမှာ Islamization လက်ကျန်ဟာ ဘယ်လောက်ရောက်နေပြီလဲဆိုတာ သတိထားမိသွားတာရယ်။ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေက အခုနောက်ပိုင်းအသံကျယ်ကျယ် လောင်လောင်ထွက်လာနေတဲ့ Xenophobia ခေါ် သူစိမ်းကြောက်ရောဂါရဲ့မူလလက္ခဏာ၊ တစ်နည်းအားဖြင့် လက်ဝဲဝါဒ ယိုင်နဲ့လာခြင်းရဲ့အကြောင်းရင်းတွေ ဖြစ်ပါတယ်။ အခုနောက်ပိုင်း သူတို့တွေဆီက ရွေးကောက်ပွဲ ရလဒ်ကို ကြည့်ရင် ပိုမိုထင်ရှားပါတယ်။ နောက်တစ်ခုက Islamization Tool တစ်ခုဖြစ်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို အသုံးချနေတာပါ။ ဒါဟာ အခုဖြစ်နေတဲ့ ပြဿနာနဲ့ အများကြီး ဆက်စပ်ပါတယ်။ UN နဲ့နိုင်ငံတကာအဖွဲ့အစည်းတွေဟာ နိုင်ငံတကာကထည့်ဝင်တဲ့ အလှူငွေတွေအပေါ်မှာအခြေခံပြီး လှုပ်ရှားနေကြရတာဖြစ်ပါတယ်။ အလှူငွေများများထည့်ပေးတဲ့ နိုင်ငံတွေရဲ့လွှမ်းမိုးမှု၊ ချုပ်ကိုင်မှုတွေနဲ့ သွားနေကြရတာ အမှန်ပါပဲ။ ရခိုင်ပြည်မှာ နှစ်ပေါင်းများစွာ အခြေချလုပ်ကိုင်လာခဲ့ကြတဲ့ UN နဲ့ INGO တွေရဲ့ Bias Activity တွေက ဒါကို အထင်အရှား သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ ပိုဆိုးတာက ကယ်ဆယ်ရေးပေးပါတယ်ဆိုတဲ့ UN အဖွဲ့အစည်းနဲ့ ဘာမှမဆိုင်တဲ့ လက်နက်ခဲယမ်းတွေကို UNHC က ဝန်ထမ်းတွေနဲ့အတူ ဘူးသီးတောင်မှာ ဖမ်းမိခဲ့တာ အားလုံးသိပြီးသားဖြစ်မှာပါ။ အလှူရှင်နိုင်ငံတွေရဲ့လောင်းရိပ်အောက်မှာ One Policy, One

Standard နဲ့မသွားနိုင်သေးတဲ့ ကုလသမဂ္ဂရဲ့မူနှစ်ခွ Double Standard ဟာ ဒီနေ့နိုင်ငံတကာ ပညာရှင်တွေကြားမှာ ဝေဖန်ထောက်ပြစရာအဖြစ် အသံတွေထွက်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။

လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံ လူတိုင်း၊ နိုင်ငံတိုင်းဟာ မိမိအကျိုးစီးပွားကို ဗဟိုပြုစဉ်းစားတယ်ဆိုတာ ယုံမှားနိုင်စရာမရှိတဲ့ကိစ္စ ဖြစ်ပါတယ်။ မိမိရဲ့အကျိုးစီးပွားကို ထိခိုက်လာမယ်ဆိုရင် အရေးကြီးရင် သွေးနီးကြကာ ခုခံကာကွယ်တတ်ကြတာ သဘာဝပဲဖြစ်ပါတယ်။ ဒါကြောင့်နိုင်ငံတွေရဲ့အချုပ်အခြာအာဏာစစ်စစ်ကို ချိုးဖောက်ပြီး နိုင်ငံတကာအားကိုးနဲ့ နယ်မြေလုစစ်ပွဲဆင်နွှဲနေကြတဲ့ ဒီဖြစ်စဉ်ကို အချိန်နှင့်တစ်ပြေးညီ မြန်မာတစ်နိုင်ငံလုံးက ညီညီညွတ်ညွတ် ကိုင်တွယ်ဖြေရှင်းကြရမှာ ဖြစ်ပါတယ်။ ပေါ့ပေါ့ထားလိုက်မယ်ဆိုရင် ဒီပြဿနာကို ပိုပြီး လက်သတ်မွေးသလို ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုက အလွန်တရာအရေးကြီးတဲ့ ဒီဖြစ်စဉ်ကို ထင်ဟပ်တဲ့အဆိုကို ပြည်ထောင်စုစိတ်ဓာတ်အပြည့်နဲ့ အားလုံးဝိုင်းဝန်းအတည်ပြုသင့်ပါကြောင်းကို အကြံပြုရင်း ဒီအဆိုကို လေးလေးနက်နက်နဲ့ ထောက်ခံလိုက်ရပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်သည် ရေမြေတောတောင်သဘာဝအင်မတန် လှပပြီးတော့ လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီးတော့ ရေလုပ်ငန်းကို လုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပါတယ်။ ဘာသာတရား၊ ယဉ်ကျေးမှု၊ ပန်းချီ၊ ပန်းပုအနုပညာများ ထွန်းကားပြီး တိုင်းရင်းသားလူမျိုးများနှင့် ဒေသနေပြည်သူများ အတူယှဉ်တွဲနေထိုင်ရာဒေသလည်း ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရရဲ့အထူးအာရုံစိုက်အလေးပေးခြင်းကို ရရှိနေသော ပြည်နယ်လည်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၏သမိုင်းနောက်ခံအကြောင်းတရားများကို ဆင်ခြင်လျက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အင်တိုက်အားတိုက် လုပ်ဆောင်နိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်

ဦးဆောင်ပါဝင်ပြီး ပြည်ထောင်စုဝန်ကြီးများပါဝင်သော ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဗဟိုကော်မတီဖွဲ့စည်းပြီး အထူးအလေးထားဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ ဒီလို အခြေအနေကောင်းတွေရှိနေတဲ့ဒေသမှာ အကျည်းတန်အရုပ်ဆိုးပြီး တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော အချုပ်အခြာအာဏာကို ထိပါးစေသောလုပ်ရပ်များကို တွေ့လာရပါတယ်။ မောင်တောခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး အသစ်၊ အဟောင်းများ၊ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်သူများ၊ သတင်းမီဒီယာများ၊ သတင်းထုတ်ဖော်ပြောကြားသူများအား အကြမ်းဖက်သတ်ဖြတ်ခဲ့ကြပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့အထိ လူဦးရေ ၅၉ ဦးသေဆုံးပြီး ၃၃ ဦးပျောက်ဆုံးခဲ့ပါတယ်။ အခုရက်ပိုင်းအတွင်းမှာ မြို့တိုင်းရင်းသား ခုနစ်ဦးကိုပါ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် Global Terrorism Index ကမ္ဘာ့အကြမ်းဖက်ညွှန်းကိန်းအရ မြန်မာနိုင်ငံဟာ အဆင့်(၄၅)သို့ ရောက်ရှိနေပါတယ်။ ပြဿနာများ သိမ်မွေ့နက်ရှိုင်းလွန်းသည့်အတွက် ပဋိပက္ခများ ပြေလည်စေရန် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အကြံကောင်းများပေးနိုင်သည့် ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ကော်မရှင်ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှာ ပြည်တွင်းပညာရှင်ခြောက်ဦး၊ ပြည်ပပညာရှင်သုံးဦး စုစုပေါင်း ကိုးဦးဖြင့် ဖွဲ့စည်းပြီး အဖြေရှာနေသောဒေသလည်း ဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်းစွာအဖြေရှာနေသူကို အခွင့်ကောင်းယူလျက် အကြမ်းဖက်သမားတွေက မေယုတောင်တန်းကို ခြေကုပ်ယူပြီး ရိက္ခာသိုလှောင်ခြင်း၊ စခန်းချထားခြင်း၊ အကြမ်းဖက်သင်တန်းတွေပေးခြင်း ပြုလုပ်လျက်ရှိပြီး အချုပ်အခြာအာဏာ ကို ထိပါးလာနိုင်သည့် အခြေအနေအပေါ်မှာ နယ်မြေရှင်းလင်းရေးဆောင်ရွက်နိုင်ရန် တပ်မတော် တပ်ရင်း၊ တပ်မ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်များအား အင်အားဖြည့်တင်းပြီး နယ်မြေရှင်းလင်းရန် ဆောင်ရွက်လျက်ရှိပါတယ်။ ရသေ့တောင်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ကျေးရွာအုပ်စု ၁၁ အုပ်စုတွင် ညမထွက်မရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားပြီး လူငါးဦးထက်ပို၍ စုဝေးခြင်းမပြုလုပ်ရန်၊ အချိန်ည ၉ နာရီမှ နံနက် ၅ နာရီအထိ သတ်မှတ်ထားတာကို တွေ့ရပါတယ်။ အကြမ်းဖက်ထောက်ပံ့မှုတွေကို သွားရောက်ဖမ်းဆီးရာ တစ်ရွာလုံးက ပြန်လည်တိုက်ခိုက်သည့်အတွက် နိုင်ငံတော်အစိုးရမှ အကြမ်းဖက်လူ့အဖွဲ့အစည်းများနှင့် အတူနေထိုင်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ပြတ်သားတဲ့မူဝါဒတွေချမှတ်ပြီး အပြီးသတ်နှိမ်နင်းသွားတော့မှာပါဟု ကြေညာချက်ကို ၅-၈-၂၀၁၇ ရက်နေ့မှာ အတိအလင်းထုတ်ပြန်ကြေညာခဲ့တာကို တွေ့ရပါတယ်။ အချုပ်အားဖြင့်ဆိုရင် လက်ရှိအစိုးရလက်ထက်မှာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ရာမှာ ယခုမျက်မှောက်ဖြစ်ပေါ်လျက်ရှိသော အခင်းအကျင်းအခြေအနေအထိ မျက်ခြေ

အပြတ်မခံဘဲ စောင့်ကြည့်နေတာကို တွေ့ရပါတယ်။ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နေတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ်အနေနဲ့ နိုင်ငံတော်အစိုးရအရေးယူဆောင်ရွက်နေခြင်းအပေါ် ကြိုဆိုသင့်ပါကြောင်းနှင့် လိုအပ်ရင် တတ်နိုင်သည့်ဘက်က အကူအညီပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လွှတ်တော်ကြီးကို လေးစားပါတယ်။ ကိုယ်စားလှယ်တော်မိတ်ဆွေများ၊ ဖက်ဒရယ်ခရီးသည်များအားလုံးကို လေးစားပါတယ်။ ကျွန်တော်က မြောက်ဦးမဲဆန္ဒနယ်က ဦးဦးလှစောပါ။ ဒေါ်ခင်စောဝေ၏အဆိုကို ထောက်ခံဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ ထွန်းသစ်စဒီမိုကရေစီနိုင်ငံတော်ကို စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကြားထဲက နိုင်ငံရေးသန္နိဋ္ဌာန်အပြည့်နဲ့ တည်ဆောက်နေကြပါတယ်။ ဒီပြည်ထောင်စုကြီးတည်တံ့ဖို့၊ ခိုင်မာဖို့၊ ငြိမ်းချမ်းဖို့၊ ဖွံ့ဖြိုးဖို့ ကျွန်တော်တို့ ဒီလွှတ်တော်ထဲမှာရှိတဲ့သူတွေအကုန်လုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ ဒီကြားထဲမှာပဲ ကျွန်တော်တို့ဟာ အင်မတန်စိုးရိမ်ရတဲ့စိန်ခေါ်မှုသစ်တစ်ခုကို ရင်ဆိုင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးစ ကျွန်တော်တို့တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်ကာလမှာလည်းပဲ ဒီလိုစိန်ခေါ်မှုကြီးတစ်ခုကို ရင်ဆိုင်ခဲ့ရပါတယ်။ အဲဒါကတော့ ၁၉၄၉ ခုနှစ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံပေါ်လာပြီးတဲ့နောက် အဲဒီစစ်ရှုံးတဲ့ကူမင်တန်တွေဟာ ကျွန်တော်တို့နယ်မြေတွေကိုကျူးကျော်ပြီး ရှမ်းပြည်နယ်မှာ အခြေစိုက်ပြီးတော့ လူအင်အားစု၊ တပ်ဖွဲ့တွေထောင်၊ လေယာဉ်ကွင်းတွေဆောက်ပြီးတော့ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာကိုထိပါးခဲ့ပါတယ်။ တိုင်းပြည်မှာ အဲဒီအချိန်မှာ ပြည်တွင်းစစ်မီးကလည်း တောက်လောင်နေပေမဲ့ အစိုးရနဲ့တပ်မတော်ဟာ အဲဒီအင်အားစုတွေကို ချေမှုန်းဖို့ လုပ်ခဲ့ပါတယ်။ ၁၉၅၀ ခုနှစ်ကစခဲ့တဲ့ စစ်ဆင်ရေးတွေဟာ ၁၉၆၁ ခုနှစ်နောက်ဆုံး ရန်ကြီးအောင်စစ်ဆင်ရေးမှာမှပဲ အပြတ်ချေမှုန်းနိုင်ခဲ့ပါတယ်။ အခု ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့စိန်ခေါ်မှုကြီးဟာ အဲဒီဟာထက်ကို အများကြီးပိုမိုကြီးကျယ်တဲ့စစ်ပွဲကြီးတစ်ခုဖြစ်ပါတယ်။ အဲဒီဘင်္ဂါလီအကြမ်းဖက်တွေရဲ့ နယ်လု၊ မြေလု၊ အချုပ်အခြာအာဏာသစ်ထောင်မယ့် မဟာစီမံကိန်းကြီးပါပဲ။ အာရပ်ပုံပြင်ထဲကလို ကုလားအုပ်ကြီးဟာ အိမ်ရှင်ကိုနှင်ထုတ်ပြီးတော့ တဲကိုအပိုင်စီးမယ့်စီမံကိန်းမျိုးဖြစ်တဲ့အတွက် အချုပ်အခြာအာဏာ

နဲ့ပတ်သက်နေပါတယ်။ မူလက အဲဒီလူတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားဝင်ထူထောင်နိုင်ဖို့အတွက်၊ တိုင်းရင်းသားတစ်ခုအဖြစ် အသိအမှတ်ခံရဖို့အတွက် လူ့အခွင့်အရေးကိုအရေခြုံပြီးတော့ ပြည်တွင်းပြည်ပမှာ လှုပ်ရှားခဲ့ကြပါတယ်။ Advocacy ၊ Lobby ကောင်းကောင်းလုပ်ခဲ့ကြပါတယ်။ ကံဆိုးတာက ကျွန်တော်တို့နိုင်ငံရဲ့အတိတ်ကာလမှာလည်း ဆိုးရွားတဲ့လူ့အခွင့်အရေးမှတ်တမ်းပုံရိပ်တွေရှိခဲ့တဲ့အတွက် ဒါကို သူတို့ဟာ ပါးပါးနပ်နပ်အသုံးချခဲ့ပါတယ်။ နိုင်ငံတကာစင်မြင့်တွေမှာ သနားစရာအကောင်းဆုံးနိုင်ငံမဲ့လူသားတွေ ပုံဖော်ခဲ့ပါတယ်။ UN အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အနောက်ကမ္ဘာကို သူ့တို့အပေါ်နားလည်အောင် အယုံသွင်းနိုင်ခဲ့ပါတယ်။ ကျောထောက်နောက်ခံ OIC အဖွဲ့ကြီးရဲ့ ဓနအင်အားကိုသုံးပြီး နိုင်ငံတကာမီဒီယာကြီးတွေကို သူတို့လက်ကိုင်တုတ်လုပ်ခဲ့ပါတယ်။ ဝမ်းနည်းဖို့ကောင်းတာက ဒီမိုကရေစီရဲ့ဖခင်ကြီး အိမ်ဖြူတော်ဟာ ကျွန်တော်တို့မြန်မာပြည်သူတွေထက် အဲဒီလူတွေကို ပိုပြီးအလေးသာခဲ့ပါတယ်။ ပထမဆုံးအကြိမ်ဖြစ်ခဲ့တဲ့ ကျူးကျော်စစ်ပွဲကြီးမှာလည်း ကုလသမဂ္ဂနဲ့ အမေရိကန်တို့ဟာ တရုတ်ဖြူကျူးကျော်စစ်ကို ထောက်ခံခဲ့ပါတယ်။ အဲဒီအချိန်မှာ အစိုးရနဲ့တပ်မတော်ဟာ ပြတ်ပြတ်သားသားနိုင်ငံရေးအရ ရင်ဆိုင်ခဲ့ပါတယ်။

ဒီနေ့ အစိုးရသစ်လက်ထက်မှာ အဲဒီလူတွေဟာ ဇာတ်ရှိန်ပိုမြင့်လာပြီးတော့ အခုတော့ အကြမ်းဖက်ဝါဒကို ပုံစံနဲ့ပြောင်းသွားပါပြီ။ ဗျူဟာပြောင်းသွားခဲ့ပါပြီ။ ဒီစစ်ပွဲဟာ ဟိုးအရင် တရုတ်ဖြူကျူးကျော်စစ်နဲ့ အင်မတန်ကွာခြားပါတယ်။ နိုင်ငံတိုင်းက စိုးရိမ်နေရတဲ့ နိုင်ငံတကာအကြမ်းဖက်ကွန်ရက်တွေနဲ့ချိတ်ဆက်နေပါပြီ။ လူမှုရေးတပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့တွေကို ပုန်းခိုတိုက်ခိုက်တာ၊ အစိုးရနဲ့ပူးပေါင်းတဲ့ ဒေသခံမူဆလင်တွေကို သတ်ဖြတ်တာ၊ အပြစ်မဲ့မူဆလင်မဟုတ်သူတွေကို ရက်ရက်စက်စက်သတ်ပြတာ၊ အခြေခံပျောက်ကြားစခန်းတွေမထားဘဲ ရွာထဲမှာ၊ လူတောထဲမှာနေတာ စတာတွေဟာ ထိုင်းနိုင်ငံ(တောင်ပိုင်း)က ပသန္တိမူဆလင်တွေရဲ့နည်းဗျူဟာတွေနဲ့တူနေပါတယ်။ မောင်တောမှာ အမြစ်စတွယ်နေတဲ့ ဒီဘင်္ဂါလီအကြမ်းဖက်ဝါဒီရဲ့လုပ်ရပ်ဟာ Virus လို ပြည်ထောင်စုအနှံ့ကို အချိန်မရွေးပြန့်သွားနိုင်ခြေရှိတယ်လို့ နိုင်ငံတကာအကဲသူတွေက သုံးသပ်ထားပါတယ်။ ရခိုင်အရေးဟာ တိုင်းရင်းသားတွေရဲ့ဘဝလုံခြုံရေးပြဿနာ၊ တရားဥပဒေစိုးမိုးရေးပြဿနာကို ကျော်လွန်ပြီးတော့ အမျိုးသားလုံခြုံရေးပြဿနာ၊ အချုပ်အခြာပြဿနာဖြစ်လာပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်ဖြူကျူးကျော်စစ်ကိုတိုက်ဖို့ ၁၀ နှစ်ကြာခဲ့ပါတယ်။ အခုစစ်ပွဲဟာ နိုင်ငံရေး၊ ဘာသာရေး၊ စစ်ရေး၊ နယ်မြေချဲ့ထွင်ရေးနဲ့ သမိုင်းလိမ်တွေအားလုံး ရှုပ်ထွေးနေပါတယ်။

ပထဝီနိုင်ငံရေးအရ ကျွန်တော်တို့နိုင်ငံရဲ့ ရှမ်းပြည်နယ်သာသာရှိပြီးတော့ လူဦးရေသုံးဆကျော်ရှိကာ လူဦးရေပေါက်ကွဲနေတဲ့ အိမ်နီးချင်းနိုင်ငံနဲ့ ဆက်ဆံနေရတာဟာလည်း ကျွန်တော်တို့ ပထဝီနိုင်ငံရေးအရ အင်မတန်ကြောက်စရာတစ်ခုပါပဲ။ အဲဒီနိုင်ငံမှာ ဒီမိုကရေစီပါတီကြီးနှစ်ခုရှိပါတယ်။ တစ်ခုက Moderate ပါ။ နောက်တစ်ခုကတော့ အင်မတန်ကြောက်စရာကောင်းတဲ့ Brotherhood radical တွေ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပေးလိုတာက အကြမ်းဖက်ဝါဒီတွေကို စစ်ရေးအရ ပြတ်ပြတ်သားသားတိုက်ခိုက်ဖို့လိုပါတယ်။ စစ်ရေးဆိုတာ တပ်မတော်ရဲ့ အလုပ်တာဝန်ဖြစ်တဲ့အတွက်ကြောင့် ကိုယ့်တာဝန်ကိုလုပ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒုတိယအချက်က တာဝန်ရှိခေါင်းဆောင်များ၊ ဌာနဆိုင်ရာများအနေနဲ့ သံခင်း၊ တမန်ခင်းတွေမှာ ပြတ်ပြတ်သားသားတုံ့ပြန်ဖို့လိုပါတယ်။ ကျွန်တော်တို့လွှတ်တော်ကြီးရဲ့ ကိုယ်ပွားတစ်ခုဖြစ်တဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီဟာ အခု ကျွန်တော်တို့လွှတ်တော်ထဲကအချက်အလက်တွေကို ခြုံငုံသုံးသပ်ပြီးတော့ ရှေ့တန်းကိုထွက်ပြီး တာဝန်ယူသင့်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဒီပြဿနာအပေါ်မှာ တိကျတဲ့နိုင်ငံရေးမူဝါဒတွေကိုင်စွဲပြီး Media Power ကိုမြှင့်တင်ဖို့လိုတယ်ဆိုတာ ကျွန်တော် အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူတွေရဲ့အစစ်အမှန်ဆန္ဒဖြစ်တဲ့ ပြည်တွင်းစစ်မှသည် ပြည်တွင်းငြိမ်းချမ်းရေးဆီသို့ လမ်းကြောင်းကို ပင်လုံညီလာခံများမှတစ်ဆင့် အမြန်ဆုံးအကောင်အထည်ဖော်ရင်း အချုပ်အခြာအာဏာနှင့် အမျိုးသားလုံခြုံရေးကိုစိန်ခေါ်နေတဲ့ တိုင်းရင်းသားမဟုတ်တဲ့ နိုင်ငံတကာနဲ့ဆက်စပ်နေတဲ့ဘင်္ဂါလီအကြမ်းဖက်ဝါဒအန္တရာယ်ကို အားလုံးညီညီညွတ်ညွတ်ရင်ဆိုင်ချေမှုန်းဖို့ လိုနေပြီဆိုတာကို ကျွန်တော် အသိပေးပြောကြားလိုပါတယ်။ ဒေါ်ခင်စောဝေအဆိုကို ကျွန်တော် ပြတ်ပြတ်သားသားထောက်ခံပါတယ်။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ်ပါ။ ကျွန်တော့်အနေနဲ့ ရသေ့တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ဒေသ၌ ဘင်္ဂါလီလူမျိုးများရောက်ရှိ

နေထိုင်လာရခြင်းသည် ရွေးယခင်ရခိုင်ဘုရင်များအုပ်ချုပ်စဥ်ကာလ၌ အမှုထမ်းစေရန်၊ ဒါမှမဟုတ် အလုပ်လုပ်ခိုင်းစေရန်နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ခေါ်ယူသိမ်းသွင်းနေထိုင်ခွင့်ပြုခဲ့ခြင်း၊ အင်္ဂလိပ်နယ်ချဲ့မှ ရခိုင်ဒေသကိုသိမ်းပိုက်ခံရချိန် အင်္ဂလိပ်ကျေးကျွန်များရောက်ရှိနေထိုင်ခြင်း၊ အိမ်နီးချင်းနိုင်ငံရဲ့ လူဦးရေများပြားပေါက်ထွက်လာမှုကြောင့် တရားဝင်ရော၊ မဝင်ရောဝင်ရောက် နေထိုင်လာခြင်း ဒါတွေဟာ ရခိုင်ပြည်နယ်ရဲ့ ယနေ့ ပြဿနာအကြောင်းအရင်းဖြစ်တယ်လို့ ပထမ ဦးဆုံး ကျွန်တော် ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ရဲ့ပထဝီဝင်အနေအထားအများပိုင်းက တောတောင်၊ လျှို မြောင်၊ ကုန်းမြင့်ဒေသပေါများထူထပ်သဖြင့် စီးပွားရေးလုပ်ကိုင်ရန်နှင့် စားဝတ်နေရေးရှာဖွေ စားသောက်ရန်ခက်ခဲပြီး ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ်တစ်ခုအဖြစ် အစိုးရအဆက်ဆက်မှ လက်ရှိအချိန် အထိ သတ်မှတ်ထားကြောင်း အားလုံးအသိဖြစ်ပါတယ်။ ဒီလိုမျိုးအခြေအနေကြောင့် ရခိုင် တိုင်းရင်းသားများက လူသားတို့ရဲ့သဘောသဘာဝအရ ရေကြည်ရာ၊ မြက်နုရာရှာရင်း နေရာဒေသ အသစ်တို့ ရွှေ့ပြောင်းနေထိုင်လာခြင်း ဒီလိုနဲ့ မိမိနေရပ်ဒေသများကို စွန့်ခွာသွားသဖြင့် တစ်ဖက်နိုင်ငံ လူမျိုးခြား ဘင်္ဂါလီများက နည်းမျိုးစုံနဲ့ ဝင်ရောက်နေထိုင်လာခြင်းကြောင့် ဘင်္ဂါလီလူမျိုးများ များပြား လာရခြင်းဖြစ်တယ်လို့လည်း သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်ကတော့ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားအက်ဥပဒေပြဋ္ဌာန်း ပြီးနောက် နိုင်ငံတော်အစိုးရမှ နိုင်ငံသား၊ တိုင်းရင်းသားမဟုတ်သူ လူမျိုးတချို့ကို White Card ထုတ်ပေးပြီး ကိုင်ဆောင်ခွင့်ပြုခဲ့တယ်။ ယင်းတို့ထုတ်ပေးမှုဟာ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဘက်ကို White Card ၃၀၀၀၀၀ ကျော်။ နောက်ပြီး ၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲမတိုင်မီအထိဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာ White Card အားလုံးပေါင်းဟာ ၈၀၀၀၀၀ ကျော်ထုတ်ပေးခဲ့ကြောင်း ဒါတွေဟာ အကြောင်းအချက် ဖြစ်နိုင်ပါတယ်လို့လည်း သုံးသပ်မိသလို ယင်းကတ်ကိစ္စနှင့်ပတ်သက်၍ ယခင်အစိုးရမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာ White Card များ တရားမဝင်တော့ကြောင်း ပြန်လည်အပ်နှံကြရန် အမိန့်ထုတ်ပြန် ကြေညာလိုက်တဲ့အတွက် မကျေနပ်မှုများစွာဖြစ်ပေါ်ခဲ့ကြောင်း အားလုံးကြားသိပြီးဖြစ်မှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသများ၌ဖြစ်ခဲ့တဲ့ အကြမ်းဖက်ပုံစံမျိုး ၁၉၄၂ ခုနှစ်မှာလည်း တစ်ကြိမ် ဖြစ်ပွားခဲ့ ကြောင်း ဒီလိုမျိုးပြဿနာအခံရှိနေကြတဲ့ လူမျိုးနှစ်မျိုးကြားမှာ ၂၀၁၂ ခုနှစ်မှာ မုဒိမ်းမှုတစ်ခုဖြစ်ခဲ့ကြ

ပြီး ယင်းနောက်ပိုင်းမှာတော့ ရခိုင်လူမျိုးနှင့် ဘင်္ဂါလီလူမျိုးကြား မကျေနပ်မှုများဟာ လူမျိုးရေး၊ ဘာသာရေးအသွင်ဖြင့် တစ်မျိုးပြီးတစ်မျိုးနိုင်ငံအတွင်း နေရာအနှံ့ပြဿနာဖြစ်ပေါ်ခဲ့ကြောင်း အားလုံး အသိဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ရဲ့ လူမျိုးရေး၊ ဘာသာရေးပြဿနာဟာ တစ်စစ ကြီးထွားလာနေခြင်းအပေါ် တချို့သောနိုင်ငံရေးအမြင်ရှိသူများရဲ့သုံးသပ်ချက်က လူတချို့က မီးစကိုင်သူကိုင်၊ ရေမှုတ်ကိုင်သူကိုင်၊ လောင်စာဆီကိုင်သူကိုင်၊ ယပ်တောင်ကိုင်သူကိုင်နဲ့ ကြိုးစား ဆောင်ရွက်နေကြတယ်လို့ ဝေဖန်သံတွေကြားနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအစိုးရဟာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူပြီး မကြာမီမှာပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေး ကော်မရှင်ကို ဩဂုတ်လ ၂၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဟောင်း ကိုဖီအာနန် နှင့်အဖွဲ့ ကိုးဦးကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး တစ်နှစ်ပြည့် ဒီလမှာ နိုင်ငံတော်အစိုးရထံ အစီရင်ခံတင်ပြ သွားရန်ရှိကြောင်း သိရသလို ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေ ဦးဆောင်သောအဖွဲ့ကိုလည်း မောင်တော ဒေသစုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့ပေးပြီး စုံစမ်းစေခဲ့ရာ ၎င်းတို့အဖွဲ့ရဲ့အစီရင်ခံစာကို သမ္မတထံသို့ တင်ပြပြီးဖြစ်သလို ဒီလိုမျိုးရခိုင်ပြည်နယ်ရဲ့အရေးကို နိုင်ငံတော်အစိုးရမှ ကြိုးစားဆောင်ရွက်နေတာ မြင်တွေ့ရပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နယ်ခြားစောင့်စခန်းသုံးခုကို အကြမ်းဖက်တိုက်ခိုက်ခံရခြင်း၊ ယင်းအဖွဲ့နှင့်ဆက်စပ်မှုရှိသော အသုံးအဆောင်လက်နက်ကိုင်ခဲ၊ ယမ်း၊ ပစ္စည်းများ၊ ၎င်းတို့ခိုအောင်းရာနေရာဒေသဟုယူဆရသော နေရာများကို ရှာဖွေတွေ့ရှိထားခြင်း ကြောင့် ၎င်းတို့အဖွဲ့သည် အကြမ်းဖက်အဖွဲ့နှင့် အချိတ်အဆက်ရှိနေသည်လို့ ယူဆထားကြပြီဆိုရင် ဒီစိန်ခေါ်မှုကို ကျွန်တော်တို့ ဘယ်လိုဖြေရှင်းကြမလဲ။ တစ်ကွဲတစ်ပြားစီအမြင်နဲ့ လက်ညှိုးထိုးအပြစ် ပြောနေကြမှာလား။ ပါတီ၊ ပုဂ္ဂိုလ်အမြင်မျိုးနဲ့ မြင်နေကြမှာလား။ သေချာတွေးကြည့်ရင်တော့ အရေးကြီးရင် သွေးနီးတယ်ဆိုတဲ့သဘောနဲ့ ကျွန်တော်တို့အားလုံးဟာ စုစုစည်းစည်းနဲ့ နိုင်ငံတော် အစိုးရရဲ့ ဦးဆောင်မှုအောက်မှာအတူလက်တွဲပြီး ဒီပြဿနာကို ဝိုင်းဖြေရှင်းကြရင် အကောင်းဆုံး အဖြေထွက်လိမ့်မယ်လို့ သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဩဂုတ်လ ၉ ရက်နေ့မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပါဝင်ပြီး ပြည်ထောင်စုအစိုးရအကြီးအကဲများက ရခိုင်ပြည်နယ်လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် ညှိနှိုင်း အစည်းအဝေးပြုလုပ်ခဲ့ကြကြောင်း၊ ယင်းနောက် ရခိုင်ဒေသဘက်သို့ တပ်မတော် တပ်ရင်းများကို

စေလွှတ်ခဲ့ကြောင်း၊ နောက်ပြီး ဒီလ ၁၅ ရက်နေ့မှာလည်း ပြည်ထောင်စုအစိုးရအဖွဲ့မှ ဝန်ကြီးများက ရသေ့တောင်မြို့နယ်ရှိ ပြည်သူလူထုနဲ့တွေ့ဆုံကြပြီး လုံခြုံတည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးကူညီပံ့ပိုးရေး ကိစ္စရပ်များကို ဆောင်ရွက်နေပါကြောင်း ပြည်သူလူထုကို ရှင်းလင်းပြောကြားတာ အားလုံးအသိဖြစ်မှာ ပါ။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ဒေသကိစ္စကို ပြည်ထောင်စုအစိုးရမှ အားကြိုးမာန်တက် ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် ရသေ့တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့အဆိုကို ကျွန်တော့်အနေနဲ့ မှတ်တမ်းအဖြစ်သာ ထားပေးသင့်ပါကြောင်း အကြံပြု ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက ရသေ့တောင်မဲဆန္ဒနယ်က ဒေါ်ခင်စောဝေရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ပြည်ထောင်စုနယ်မြေအတွင်း မှာ နိုင်ငံသားမဟုတ်တဲ့ ခိုးဝင်ဘင်္ဂါလီများရဲ့ ရာဇဝတ်မှုတွေကျူးလွန်နေခြင်းဟာ နိုင်ငံတော်အစိုးရကို တိုက်ရိုက်စော်ကားနေတာဖြစ်ပါတယ်။ မိမိတို့နိုင်ငံအတွင်းမှာ အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံတွေ ကောင်းမွန်နေရင် ဒီလိုအကြမ်းဖက်ရာဇဝတ်မှုတွေ ကျူးလွန်လို့ရမှာမဟုတ်ပါဘူး။ မိမိတို့နိုင်ငံအစိုးရ အဆက်ဆက်ရဲ့အားနည်းချက်တွေကြောင့် အနောက်ဘက်ဒေသအတွင်းမှာ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးပျက်စီးခဲ့တယ်ဆိုတာ ငြင်းလို့မရနိုင်ပါဘူး။ ဒီလိုအားနည်းချက်တွေဖြစ်နေတာ နှစ်ပေါင်း များစွာကြာနေခဲ့ပါပြီ။ ဒါကိုသတိမထားမိကြပါဘူး။ အလေးမထားဘဲ ပစ်ပယ်ထားခဲ့ကြပါတယ်။ ဒီလို ရာဇဝတ်မှုတွေ၊ တိုက်ခိုက်မှုတွေဖြစ်လာစေတဲ့ အကြောင်းအရင်းတွေကို ဆန်းစစ်ကြည့်ဖို့ လိုအပ်ပါ တယ်။ နယ်ခြားစောင့်တပ်ဖွဲ့စခန်းသုံးခုကို တစ်ပြိုင်တည်းတိုက်ခိုက်ခံရတဲ့ဖြစ်စဉ်မှာ တိုက်ခိုက်သူတွေ ဟာ တခြားနေရာကလာတာမဟုတ်ဘဲ ရွာထဲမှာနေပြီး ရွာထဲကထွက်ကာ အလှစ်အငိုက်တိုက်ခိုက် သတ်ဖြတ်တာ ဖြစ်ကြောင်းတွေ့ရပါတယ်။ ဒီလိုတိုက်ခိုက်တာကို အနီးအနားရွာတွေက ညာသံပေးပြီး အားပေးကူညီခဲ့ကြတာလည်း တွေ့ရပါတယ်။ တပ်မတော်က နယ်မြေရှင်းလင်းတဲ့အခါ ရွာသားတွေပါ ဝိုင်းဝန်းတိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်က အရာရှိတစ်ဦး ကျဆုံးခဲ့ရပါတယ်။ အဲဒီလိုရွာတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ဝင်ရောက်ရှင်းလင်းတဲ့အခါတိုင်းမှာ ရွာသားအပေါင်း မြောက်မြားစွာက ဝင်ရောက်တိုက်ခိုက်လေ့ရှိကြောင်း တွေ့ရပါတယ်။ ဒီလိုတိုက်ခိုက်တာဟာ နိုင်ငံခြား

သားတွေ၊ ဘာသာရေးဆရာတွေထဲထဲဝင်ဝင်ပါနေတာ တွေ့ရပါတယ်။ နောက်ပိုင်းမှာ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာလူကြီးတွေကို သတ်လာတယ်။ ဒေသခံတိုင်းရင်းသားတွေကိုပါ ရက်ရက်စက်စက် သတ်လာပါတယ်။ ဒေသတွင်း အုပ်ချုပ်ရေးယန္တရားပျက်စီးသွားအောင် လုပ်လာပါတယ်။ ဘာကြောင့် ဒီလိုလုပ်လာတာလဲဆိုရင် သူတို့ရည်မှန်းချက်က နယ်မြေကျူးကျော်သိမ်းပိုက်ရေး၊ အစ္စလာမ်မစ်နိုင်ငံထူထောင်ရေး၊ တစ်ဖက်နိုင်ငံနှင့်ပေါင်းစည်းရေးတို့ဖြစ်ပါတယ်။ သူတို့ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် UNHCR၊ INGO၊ WFP စတဲ့အဖွဲ့တွေက ငွေကြေးနဲ့ရိက္ခာ၊ ဆေးပစ္စည်းတွေ ထောက်ပံ့ကူညီပြီး တရားမဝင် ဗလီပေါင်းများစွာနဲ့ အာရဗီစာသင်ကျောင်းများစွာတို့က ရာဇဝတ်မှုတွေကျူးလွန်ဖို့ အကြမ်းဖက်သမားတွေကို မွေးထုတ်ပေးနေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို ရာဇဝတ်မှုကျူးလွန်သူတွေ ဝင်ထွက်နေတဲ့လမ်းကြောင်းကတော့ ခြံစည်းရိုးစနစ်တကျကာရံမှုမရှိဘဲ ၄၂ မိုင်ခန့်ကျန်နေတဲ့နေရာဖြစ်နေပါတယ်။ ဝင်ချင်သလို ဝင်လို့ရနေတာကြောင့် နယ်စပ်ဖြတ်ကျော်ခိုးဝင်လာသူတွေဟာ တဖြည်းဖြည်းများပြားလာတာ ဖြစ်ပါတယ်။ ယခုမောင်တောမြို့နယ်မှာ လူဦးရေ ၅၆၀၀၀၀ ကျော်ရှိရာ တိုင်းရင်းသားက ၄၀၀၀၀ လောက်၊ ဘင်္ဂါလီက ၅၂၀၀၀၀ ခန့်ဖြစ်နေပါတယ်။ ဘူးသီးတောင်မြို့နယ်မှာ လူဦးရေ ၂၀၀၀၀၀ ကျော်မှာ တိုင်းရင်းသားက ၃၀၀၀၀ ကျော်ပဲရှိပါတယ်။ ဒီနိုင်ငံမှာနေရင် ဒီနိုင်ငံရဲ့ဥပဒေကို လိုက်နာရမယ်။ ၂၀၁၄ ခုနှစ်မှာ တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်တယ်။ ဘင်္ဂါလီတွေ အကောက်မခံဘူး။ ဥပဒေကို ဆန့်ကျင်နေတယ်။ နိုင်ငံမှာ တစ်လင်တစ်မယားဥပဒေပြဋ္ဌာန်းထားတယ်။ သူတို့မလိုက်နာဘူး။ အဲဒီဥပဒေအသက်ဝင်အောင် လုပ်ရပါမယ်။ ဒီနိုင်ငံရဲ့ဥပဒေကို လက်မခံနိုင်ရင် ဒီနိုင်ငံမှာမနေနဲ့။ ကြိုက်တဲ့နေရာမှာသွားနေဖို့ ပြတ်ပြတ်သားသားဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။ ဒါ့အပြင် မောင်တောမြို့နယ်မှာ ကျေးရွာပေါင်း ၂၈၀ ရှိတဲ့အနက် တိုင်းရင်းသားကျေးရွာ ၇၈ ရွာပဲရှိပါတယ်။ ဘင်္ဂါလီကျေးရွာ ၂၀၀ ခန့်ရှိနေပါတယ်။ အဲဒီရွာတွေရဲ့ ရွာတွင်းလမ်းတွေဟာ ကွေ့ပတ်ပြီး ထွက်ပေါက်ပျောက်အောင် လုပ်ထားပါတယ်။ မောင်တောမြို့နယ်ကျေးရွာ ၂၈၀ မှာ အစိုးရစာသင်ကျောင်း ၁၈၄ ကျောင်းရှိပြီး အာရဗီစာသင်ကျောင်းက ၁၆၂၀ ရှိနေတာကို ဘယ်သူတွေက ခွင့်ပြုထားပါသလဲ။ ဥပဒေအရ ဖွင့်ခွင့်ရှိပါသလား။ ဘာတွေသင်ကြားနေတယ်ဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ဘူးသီးတောင်မြို့နယ်မှာလည်း ကျေးရွာအုပ်စု ၆၅ အုပ်စုမှာ အာရဗီစာသင်ကျောင်း ၃၉၈ ကျောင်း ရှိနေပါတယ်။ ဒီလိုပုံစံမျိုး စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ပေါက်တောမြို့နယ်တွေ မှာလည်း ရှိနေပါတယ်။ သူတို့ဟာ တစ်မြို့နဲ့တစ်မြို့ ရေကြောင်းနှင့်ချိတ်ဆက်ပြီး တဖြည်းဖြည်းနဲ့

ကုလားတန်မြစ်ကိုစိုးမိုးဖို့အထိ ကျယ်ကျယ်ပြန့်ပြန့်လုပ်လာနေတယ်ဆိုတာ တွေ့နေရပါတယ်။ ယခင်နှစ်ကာလတွေကလူတွေ သောင်းနှင့်ချီပြီး ဆုံးရှုံးခဲ့ရပါပြီ။ နောင်ကိုဒီလိုသတ်ဖြတ်မခံရအောင်၊ ရွာလုံးကျွတ်ပြောင်းရွှေ့မှုတွေမဖြစ်အောင် ပြည်ထောင်စုနယ်မြေအစိတ်အပိုင်းလေးတွေ မဆုံးရှုံးရအောင် ရဲရင့်ပြတ်သားစွာ အကောင်းဆုံးအုပ်ချုပ်ရေးစနစ်နဲ့ အကောင်းဆုံးလုံခြုံရေးစီမံချက်များကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရများက အမြန်ဆုံးလုပ်ဆောင်ပေးရပါမယ်။ ထို့အပြင် ဩဂုတ်လ ၁၃ ရက်နေ့က ရခိုင်ပြည်နယ် ၁၅ မြို့နယ်က ရခိုင်သူရခိုင်သားများရဲ့တောင်းဆိုချက်များဖြစ်တဲ့ ခိုးဝင်ဘင်္ဂါလီများအား ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအတိုင်း စိစစ်ပေးရေး၊ တိုင်းရင်းသားများလုံခြုံရေးအတွက် လက်နက်ကိုင်ပြည်သူ့စစ်များဖွဲ့စည်းပေးရေး၊ ဘင်္ဂါလီအကြမ်းဖက်များအား အမြစ်ပြတ်ချေမှုန်းပေးရေး၊ UNHCR၊ INGO၊ WFP စတဲ့ တစ်ဖက်သတ်အကူအညီပေးနေတဲ့အဖွဲ့တွေကို ရခိုင်ပြည်နယ်မှ နှင်ထုတ်ပေးရေးဆိုတဲ့ အဲဒီတောင်းဆိုချက်တွေကိုလည်း အလေးထားပြီးတော့ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးဖို့ လိုအပ်နေပါကြောင်းတင်ပြရင်း ဒေါ်ခင်စောဝေရဲ့ အဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေတင်သွင်းတဲ့အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က အချက်လေးချက်ကို အဓိကထားဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။ အဲဒီအချက်တွေထဲကမှ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးဆိုတဲ့အချက်ကို ကျွန်မအနေနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မတို့ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံအနောက်ဘက်ခြမ်းက မထင်မရှားကမ်းရိုးတန်းပြည်နယ်တစ်ခုဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာ စတင်ဖြစ်ပွားခဲ့တဲ့ပဋိပက္ခဖြစ်စဉ်နှင့်အတူ နိုင်ငံတကာစာမျက်နှာမှာ ထင်ရှားလာခဲ့တာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၃.၁၈ သန်းရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုမှာ အဆင်းရဲဆုံး၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့်အတူ ပညာရေး၊ စီးပွားရေးမှာလည်း နိမ့်ကျသောပြည်နယ်တစ်ခု ဖြစ်လာခဲ့ပါတယ်။ လူမှုရေး၊ စီးပွားရေးစတဲ့ အဘက်ဘက်မှနိမ့်ကျနေခြင်းဟာ ဒေသတွင်း ဘာသာရေး၊ လူမျိုးရေးပဋိပက္ခဖြစ်ပွားနေရခြင်းရဲ့အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဒါကြောင့်မို့လို့ အစိုးရသစ်

အနေနဲ့ရခိုင်ပြည်နယ်အရေးကို ဖြေရှင်းတဲ့နေရာမှာ အပေါ်ယံသဘောမျိုးမဟုတ်ဘဲ ဖြစ်စဉ် အကြောင်းအရင်းခံဖြစ်တဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ဖွံ့ဖြိုးမှုကိုပါ တစ်ဆက်တစ်စပ်တည်း ဖြေရှင်း ပေးနိုင်ဖို့ အစီအစဉ်တွေချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ် ဧပြီလ အစိုးရသစ် စတင် တက်လာခြင်းမှာပဲ အဓိကအလေးထားကိုင်တွယ်ခဲ့တာဟာ ရခိုင်ပြည်နယ်အရေးပဲဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကိစ္စရပ်တွေအပေါ်မှာ အတွေ့အကြုံရှိပြီး သမာသမတ်ကျကျဆောင်ရွက်နိုင်မယ့် ကမ္ဘာ့သိပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် မစ္စတာကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို ဩဂုတ်လတွင် ဖြစ်လာမယ့်အရေး ကြိုတင်တွေးမျှော်ကာ ဖွဲ့စည်းဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ နောက် ပဋိပက္ခရဲ့မြေပြင်ပကတိအခြေအနေမှန်တွေကို သိရှိ နိုင်ဖို့အတွက် ဒုတိယသမ္မတဦးမြင့်ဆွေဦးဆောင်သော ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို လည်း ဖွဲ့စည်းခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ရခိုင်ပြည်နယ်ရဲ့ပြဿနာဟာ မြန်မာတစ်နိုင်ငံလုံးရဲ့ ပြဿနာအဖြစ် ခံယူထားတာကို နိုင်ငံထိပ်ပိုင်းခေါင်းဆောင်တွေကိုယ်တိုင် လုပ်ဆောင်နေမှုကိုကြည့်ပြီး သိမြင်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီနေရာမှာ နိုင်ငံတော်အစိုးရရဲ့လုပ်ဆောင်ချက်တွေကို လေ့လာကြည့်ရင် ကျွန်မ တို့ဒေသခံတိုင်းရင်းသားများရဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ရခိုင်ပြည်နယ်(မြောက်ပိုင်း)ဒေသ များဖြစ်သော ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်တို့ရှိ ဒေသခံတိုင်းရင်းသားများနေထိုင် သော ကျေးရွာများကို စုစည်းပြီး တိုင်းရင်းသားစံပြကျေးရွာများတည်ဆောက်ပေးရန် စီစဉ်နေကြောင်း ကြားသိရပါတယ်။ ထိုကျေးရွာများကို လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေရန် မြေပြင် တိုင်းတာစစ်ဆေးမှုများလည်း ပြုလုပ်လျက်ရှိနေပြီဖြစ်ပါတယ်။ စားဝတ်နေရေးအဆင်ပြေစေရန် အတွက် မိသားစုတစ်စုကို စိုက်ပျိုးနိုင်သည့်လယ်နှစ်ဧကပေးရန် အစီအစဉ်ထားရှိပြီး လတ်တလော တွင် နေရောင်ခြည်သုံးဆိုလာမီးများ စီစဉ်ပေးထားပြီးဖြစ်ပါတယ်။ နောက်ပိုင်းတွင်လည်း လျှပ်စစ်မီး များပေးရန် အစီအစဉ်ရှိကြောင်းကိုလည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလည်း ပြောကြားထားပါတယ်။ ဒါကိုကြည့်ရင် နယ်မြေတည်တံ့ခိုင်မြဲရေး၊ ဒေသခံတိုင်းရင်းသားများ စုစည်းနေထိုင်ရန်အတွက် အကြမ်းဖက်မှုများကို ကာကွယ်ရန်အစီအစဉ်ကောင်းတစ်ခုဖြစ်ပါတယ်။ ဒါကို ကျွန်မတို့ပြည်သူတွေက လည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ပူးပေါင်းပါဝင်ကြရမှာဖြစ်ပါတယ်။ ခေတ်အဆက်ဆက် တရား

ဥပဒေစိုးမိုးမှုအားနည်းခဲ့လို့ ကျိုးပေါက်ခဲ့ရတဲ့အနောက်တံခါးကို ကျွန်မတို့တိုင်းရင်းသားတွေ စုစည်းနေထိုင်တဲ့စည်းလုံးမှုအားနဲ့ပြန်ပိတ်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒါ့အပြင် နယ်မြေတည်တံ့လုံခြုံရေးအတွက် အရေးပါလှသော အချက်တစ်ခုဖြစ်တဲ့စီးပွားရေးဖွံ့ဖြိုးမှုလုံခြုံခွင့်ဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားများပိုင်ဆိုင်တဲ့ စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အစိုးရသစ်အနေနဲ့ မောင်တော၊ ကညင်ကျောင်းကုန်သွယ်ရေးဇုန်ကို စီးပွားရေးဇုန်အဖြစ်ပြန်လည်အဆင့်မြှင့်တည်ဆောက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရက ကျပ်သိန်းပေါင်း ၁၅၀၀၀ ခန့်ကျခံသုံးစွဲရန် လျာထားပြီးဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။ ဒါဟာ နိုင်ငံတကာအဆင့်မီစီးပွားရေးဇုန်လည်း ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးဖို့ လုံခြုံရေးတစ်ခုထဲကိုပဲ ဆောင်ရွက်လို့မရပါဘူး။ အလုပ်အကိုင်ဖန်တီးပေးဖို့လိုအပ်ပြီး ရခိုင်တိုင်းရင်းသားတွေရဲ့လူနေမှုဘဝကို အထောက်အကူပြုမယ့်စီမံကိန်းလည်းဖြစ်ပါတယ်။ ယခင်နှစ်ပေါင်းများစွာထဲက အလုပ်အကိုင်ရှားပါးမှု၊ ဆင်းရဲမှုကြောင့် ရခိုင်လူငယ်တွေဟာ နေရပ်စွန့်ခွာပြီး ရွှေ့ပြောင်းအလုပ်သမားဘဝနဲ့နယ်မြေတည်တံ့ရေးအတွက် မကာကွယ်နိုင်တော့ပါဘူး။ အသက်အိုးအိမ်လုံခြုံခွင့်လို့ပြောလိုက်တာနဲ့ လက်နက်နဲ့ကာကွယ်ရတဲ့လုံခြုံရေးကိုသာ အာရုံစိုက်နေတတ်ကြပြီး ပညာရေးလုံခြုံခွင့်၊ လူမှုရေးလုံခြုံခွင့်၊ ကျန်းမာရေးလုံခြုံခွင့်နဲ့ လုပ်ငန်းခွင်လုံခြုံခွင့်တို့ဟာလည်း ခေါင်းနဲ့ပန်းပမာ ပါဝင်ဆက်စပ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နောက်အရေးကြီးတဲ့တစ်ချက်ကတော့ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျောင်းသားဦးရေ ၄၀၀၀၀၀ ကျော်ရှိပြီး ကျောင်းမနေဖူးသူ ၂.၉ သန်းခန့်ရှိပါတယ်။ ကျောင်းတတ်ဖူးသူရှိသော်လည်း လက်ရှိအချိန်ထိ စာသင်ကြားနိုင်ခြင်းမရှိသူ ၁.၂ သန်းခန့်ရှိနေသည့်အတွက် အမှန်တကယ်ကျောင်းတတ်နိုင်သူဦးရေမှာ လူဦးရေရဲ့ ၂၂ ရာခိုင်နှုန်းသာရှိကြောင်း ဖော်ပြနေပါတယ်။ ဒါဟာ အသက်ရှင်လုံခြုံခွင့်အတွက် ကြီးမားတဲ့စိန်ခေါ်မှု ဖြစ်ပါတယ်။ အသိပညာ၊ အတတ်ပညာတို့ကို လုံလောက်တဲ့အားပေးမှုတို့မရှိခဲ့တဲ့အတွက် မှားယွင်းသောလုပ်ဆောင်ချက်၊ ဆုံးဖြတ်ချက်များနဲ့ လူငယ်တွေဟာ မူးယစ်ဆေးအရက်နွံထဲမှာ နစ်နေရတာ ဖြစ်ပါတယ်။ ဒါဟာ အတွေးအခေါ်မြော်မြင်မှုပိုင်းကို အများကြီးထိခိုက်နိုင်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရခိုင်ပြည်နယ်ဟာ ရေမြေတောတောင်သဘာဝအလှတွေနဲ့ ပြည့်နှက်ပြီးတော့ သယံဇာတပေါကြွယ်ဝတဲ့အပြင် လူသားအရင်းအမြစ်တွေလည်း အများအပြားရှိပါတယ်။ သို့သော်လည်း ပညာရေးအခြေခံအားနည်းရင် သယံဇာတတွေဟာ ကုန်ကြမ်းအဆင့်မှာရပ်တန့်သွားမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် ရေတစ်ခွက်ထဲက အမှိုက်တစ်စဟာ ရေဖြည့်လိုက်ရင် အလိုလို

လျှံကျထွက်သွားသလို မလိုလားအပ်တဲ့လူမှုအသိုင်းအဝန်းတစ်ခုဟာ ရခိုင်လူငယ်ပညာတတ်တွေ ဖြည့်လိုက်ရင် ပြန်ထွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ရဲ့အသက်အိုးအိမ်လုံခြုံခွင့်ဟာ ရခိုင် ပြည်သူလူထုအပေါ်မှာမူတည်ပြီး ရခိုင်လူငယ်ထုရဲ့ပညာတတ်အပေါ်မှာ အခြေခံကြောင်း ဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ အစီအစဉ် ၈ ကို ၂၄-၈-၂၀၁၇ ရက်(ကြာသပတေးနေ့)မှာ ဆက်လက်ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၉) ရက်မြောက်နေ့ (၂၃.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



**ဦးခင်မောင်သီ**
**(လှိုင်လင် မဲဆန္ဒနယ်)**



**ဦးခင်မောင်လတ်**
**(မြန်အောင် မဲဆန္ဒနယ်)**



**ဦးနေထက်ဝင်း**
**(ဆင်ပေါင်ဝဲ မဲဆန္ဒနယ်)**



**ဒေါက်တာစိုင်းမောက်ခမ်း**
**(လားရှိုး မဲဆန္ဒနယ်)**



**ဦးသောင်းဌေးလင်း**
**(ပုသိမ်ကြီး မဲဆန္ဒနယ်)**



**ဦးမျိုးဇော်ဦး**
**(လယ်ဝေး မဲဆန္ဒနယ်)**



**ဦးအောင်ဝင်း**
**(မှော်ဘီ မဲဆန္ဒနယ်)**



**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး)**
**ပညာရေးဝန်ကြီးဌာန**



**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး)**
**ပြည်ထဲရေးဝန်ကြီးဌာန**



ဦးမြင့်အောင် (တရားသူကြီး)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်